# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၃၅)၊ ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်၊ ၄-၁၁-၂၀၂၄၊ တနင်္လာနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

သာယာသောစကားကို ပြောဆိုတတ်သော်လည်း ရုပ်အဆင်းပင်လှသော်လည်း သူတစ်ပါးစည်းစိမ်ကို ငြူစူတတ်၊ ဝန်တိုတတ်၊ ကောက်ကျစ်စဉ်းလဲတတ်လျှင် ထိုသူသည် သူတော်ကောင်းမဟုတ် ။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနေအထားဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကမ္ဘာ့ဖလားနဂါးလှေလှော်ချန်ပီယံရှစ် လက်ရည်စစ်ပြိုင်ပွဲတွင် မြန်မာအသင်း ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု ထပ်မံဆွတ်ခူး

## ကမ္ဘာ့အားကစားပြိုင်ပွဲ ချန်ပီယံရှစ်နဂါးလှေလှော်ပြိုင်ပွဲအတွက် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရ

**ရန်ကုန် နိုဝင်ဘာ ၃**

အပြည်ပြည်ဆိုင်ရာ ကနူးလှေလှော်အဖွဲ့ချုပ်၏ ၂၀၂၄ ခုနှစ် ကမ္ဘာ့ဖလား နဂါးလှေလှော်ပြိုင်ပွဲ (2024 ICF Dragon Boat World Cup) ကို နိုဝင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ Puerto Princesa မြို့၌ ကျင်းပခဲ့ရာ မြန်မာလှေလှော်အားကစားအသင်း ရွှေတံဆိပ်တစ်ခုနှင့် ငွေတံဆိပ်တစ်ခုတို့ ဆွတ်ခူးရရှိခဲ့သည်။



အမျိုးသား+အမျိုးသမီး မီတာ ၅၀၀ (၁၀)တက်လှော်ဗိုလ်လုပွဲတွင် မြန်မာလှေလှော်အသင်း ပန်းဝင်အောင်ပွဲခံနေစဉ်။

မြန်မာ၊ အင်ဒိုနီးရှား၊ တရုတ်(တိုင်ပေ)၊ စပိန်၊ ဖိလစ်ပိုင်၊ ဟန်ဂေရီအသင်းတို့သည် နိုဝင်ဘာ ၂ ရက်က အမျိုးသား၊ အမျိုးသမီး မီတာ ၂၀၀ ဆယ်တက်လှော် ဗိုလ်လုပွဲပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့ရာ အင်ဒိုနီးရှားအသင်းက ပထမ (ရွှေတံဆိပ်)၊ မြန်မာအသင်းက ဒုတိယ(ငွေတံဆိပ်)၊ တရုတ်(တိုင်ပေ)အသင်းက တတိယ (ကြေးတံဆိပ်)ရရှိခဲ့ကြသည်။

အလားတူ မြန်မာ၊ ဟန်ဂေရီ၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ တရုတ်(တိုင်ပေ)၊ ယူကရိန်း အသင်းတို့သည် နိုဝင်ဘာ ၃ ရက်က အမျိုးသား၊ အမျိုးသမီး မီတာ ၅၀၀ (၁၀)တက်လှော်ဗိုလ်လုပွဲကို ယှဉ်ပြိုင်ခဲ့ရာ မြန်မာအသင်းက ပထမ(ရွှေတံဆိပ်)၊ ဟန်ဂေရီအသင်းက ဒုတိယ(ငွေတံဆိပ်)၊ အင်ဒိုနီးရှားအသင်းက တတိယ (ကြေးတံဆိပ်)တို့ ရရှိခဲ့ကြသည်။

မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ အားကစားသမားများသည် အောက်တိုဘာ ၂၄ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yichang မြို့၌ ကျင်းပခဲ့သည့် ကမ္ဘာ့ဖလား နဂါးလှေလှော်ပြိုင်ပွဲတွင် ရွှေတံဆိပ်ငါးဆု၊ ငွေတံဆိပ် နှစ်ခုရရှိခဲ့ပြီး ယခုကမ္ဘာ့ဖလား နဂါးလှေလှော်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု ထပ်မံရရှိခဲ့သည့်အတွက် လက်ရည်စစ်ပြိုင်ပွဲများ အပြီးတွင် မြန်မာအသင်းအနေဖြင့် ရွှေတံဆိပ် ခြောက်ခု၊ ငွေတံဆိပ် သုံးခု ရရှိခဲ့ပြီး ဖြစ်သည်။

**စာမျက်နှာ ၃ သို့** ❑

## ယနေ့ ဖတ်စရာအညွှန်း


**ဆီးချိုထိန်းရန် မှီဝဲရသော အိုဇမ်းပစ်သောက်ဆေး ကျောက်ကပ်ပျက်စီးမှုကို လျှော့ချပေးနိုင်သည်ဟု ဆို** စာမျက်နှာ ၇

**သစ်ရွက်မှသည် လျှပ်စစ်စွမ်းအင်ဆီသို့ (ဆောင်းပါး)** စာမျက်နှာ ၁၀

**ရွှေစက်တော်ဘုရားပွဲရာသီတွင် ဘေးမဲ့ဥယျာဉ်မှ ကြယ်လိပ်နှင့် ရွှေသမင်များ လာရောက်ကြည့်ရှုလေ့လာနိုင်** စာမျက်နှာ ၁၃


## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၃ ရက် ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၄ ရက်၊ တနင်္လာနေ့။

# ယဉ်ကျေးမှုအစဉ်အလာများဖြင့် တန်ဆောင်မုန်းလ

မြန်မာလဆယ့်နှစ်လတွင် တန်ဆောင်မုန်းလသည် အဋ္ဌမမြောက်လဖြစ်သည်။ တန်ဆောင်မုန်းလတွင် ခဝဲပန်းများကရာသီပန်းဖြစ်ပြီး တစ်လလုံးပွင့်လေ့ရှိသည်။ တန်ဆောင်မုန်းလသည် ဆောင်းဥတုအစဖြစ်သော်လည်း တစ်ခါတစ်ရံမိုးတစ်ပြိုက်နှစ်ပြိုက် ရွာတတ်သေးသည့် လလည်း ဖြစ်သည်။ ဆီးနှင်းတစ်သိုက်၊ မိုးတစ်ပြိုက် ဖြစ်စေသောလဟု ဆိုရမည်ဖြစ်သည်။

တန်ဆောင်မုန်းလတွင် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများ၊ ရိုးရာအစဉ်အလာယုံကြည်မှုများစွာရှိကြသည်။ ဘာသာရေးဆိုင်ရာ ထင်ရှားသောပွဲတော်မှာ ကထိန်ပွဲပင်ဖြစ်သည်။ ''ကထိန် အာနိသင် ငါးပါး မြဲမြံခိုင်ခံ့စွာ ရရှိစေနိုင်သော သင်္ကန်းအလှူပွဲ''ဖြစ်သည်။ ''ဘုရားမှာ စိန်၊ ကျောင်းမှာ သိမ်၊ သင်္ကန်းမှာ ကထိန်''ဟူသော ရှေးမြန်မာတို့၏ ဆိုစကားအရ သင်္ကန်းတကာ့သင်္ကန်းတွင် ကထိန်သင်္ကန်းကပ်လှူခြင်းသည် အမြတ်ဆုံးဖြစ်သည်။

ကထိန်သင်္ကန်းကို သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်အထိ တစ်လအတွင်း ကပ်လှူကြရသည်။ ကထိန်သည် ကထိနဟူသော ပါဠိစကားမှ ဆင်းသက်၍ ခိုင်ခံ့မြဲမြံသောကြောင့် ကထိန်ဟုခေါ်ကြောင်းဖွင့်ဆိုထားပါသည်။ ကထိန်ခင်းသည့် အစဉ်အလာသည် ရှေးမြန်မာမင်းများလက်ထက်ကတည်းက ရှိခဲ့သော အစဉ်အလာတစ်ရပ်ဖြစ်သည်။ သံဃာအား လှူဒါန်းသော ကထိန်သင်္ကန်းကို သင်္ကန်းမရှိသည့် ရဟန်းအား ဦးစားပေး ရွေးချယ်လှူဒါန်းခြင်းလည်းဖြစ်ပေသည်။ ရဟန်းအားလုံး သင်္ကန်းများပြည့်စုံလျှင် ဝါအကြီးဆုံး မထေရ်ကို ပေးလှူရသည်။ သိမ်ဝင်၍ ဉတ်ကမ္မဝါဖတ်ပြီး ကထိန်ခံထိုက်သော ရဟန်းကို ပေးရသည့်အတွက် ကထိန်သင်္ကန်းကို ''ဉတ်သင်္ကန်း''ဟု ခေါ်သည်။

ထို့အပြင် တန်ဆောင်မုန်းလပြည့်မတိုင်မီ အဖိတ်နေ့ညတွင်လည်း ကထိန်လျာသင်္ကန်းကို အစုအဖွဲ့များဖြင့် တစ်ညလုံးအပြိုင်ရက်လုပ်ကြသည့် ''မသိုးသင်္ကန်းရက်ပြိုင်ပွဲ''ကိုလည်း ကျင်းပကြသည်မှာ မြန်မာလူမျိုးတို့၏ ချစ်စရာကောင်းသော ဓလေ့ထုံးတမ်းအစဉ်အလာများဖြစ်သည်။ တန်ဆောင်မုန်းလသည် ကောင်းကင်ယံ၌ နက္ခတ်တာရာတို့စုံလင်သောလလည်း ဖြစ်သည်။ လပြည့်နေ့တွင် ဆေးပင်အပေါင်းကို စောင့်ရှောက်သည့် နတ်အပေါင်းတို့သည် မယ်ဇလီပင်ရှိ နတ်သားကို လာရောက်ခစားကြရသည်ဟု မှတ်သားဖူးသည်။ ထို့ ကြောင့် လပြည့်နေ့ညတွင် မယ်ဇလီဖူးကို သုပ်စားပါက ဆေးဖက်ဝင်ပြီး ဆေးပေါင်းခသည်ဟူသော ရှေးမြန်မာတို့၏ ယုံကြည်ချက်မှာလည်း ယနေ့တိုင် စွဲကျန်နေသည်။ ယဉ်ကျေးမှုအစဉ်အလာများဖြင့် တန်ဆောင်မုန်းလဟု ခေါ်ဆိုရမည်ဖြစ်သည်။

တန်ဆောင်မုန်းလ၏ မီးထွန်းပွဲတော်မှာ တစ်မူထူးခြားလှသည်။ တန်ဆောင်မုန်းလ၏ ရာသီမှာ ဗြိစ္ဆာရာသီဖြစ်ပြီး ယင်းရာသီ၏ နက္ခတ်မှာ ကင်းမလက်မည်းရုပ်ဖြစ်သည်။ တန်ဆောင်တိုင်ပွဲတော်ကာလတွင် ရပ်ကွက်များရှိလမ်းများတွင် မိမိတို့အစီအစဉ်ဖြင့် ဆီမီးများ၊ ရောင်စုံမီးပုံးများ၊ လျှပ်စစ်အလှဆင်မီးများဖြင့် ယနေ့တိုင် ထွန်းညှိဆင်နွှဲလေ့ရှိသည်။ တန်ဆောင်မုန်းလတွင် မြတ်နိုးဖွယ်ရာ ဓလေ့အစဉ်အလာများမှာ များပြားလှသည်။ ထိုအထဲတွင် ပုံသကူပစ်ပွဲသည်လည်း ပါဝင်သည်။

သို့ဖြစ်ရာ တန်ဆောင်မုန်းလသည် ယဉ်ကျေးမှုအစဉ်အလာများဖြင့် ဂုဏ်မြင့်ပေးလျက်ရှိပြီး ဘာသာ၊ ယဉ်ကျေးမှုကို ရှင်သန်အောင် လှုံ့ဆော်ပေးလျက်ရှိသောကြောင့် သာယာမှုအပေါင်းခညောင်းသည့် တန်ဆောင်မုန်းလဟု ရေးသားလိုက်ရပေသည်။

# အောင်မြေသာစံမြို့နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး




**မန္တလေး နိုဝင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက် ရှင်အရဟံနေမဝင်ကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့အနွယ်ဝင် သီလရှင်ဆရာကြီး၊ ဆရာလေးများနှင့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်း၌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့မှ ကျန်းမာရေးဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးရာ၌ တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က ဆရာတော်၊ သံဃာတော် (၁၀၅)ပါး၊ သီလရှင်ဆရာကြီး၊ ဆရာလေး(၆၅)ပါးနှင့် ဒေသခံပြည်သူ (၁၀၃)ဦးတို့အား အရိုးရောဂါ၊ မျက်စိရောဂါ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ဆီးချို၊ သွေးချိုရောဂါ၊ ဖျားနာရောဂါနှင့် အထွေထွေရောဂါများအား ကုသဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ရန် လိုအပ်သည့် လူနာများအား နယ်မြေခံစစ်ဆေးရုံ၌ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများအပေါ် တိုင်းစစ်ဌာနချုပ်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၀၃၈)**

# ဆရာနေမင်းသန်း(မဲခေါင်စာပေဆုရ)၏ သီကုံးပန်ဆင်ကဗျာ ဗုဒ္ဓဝင် (မြန်မာ+အင်္ဂလိပ် နှစ်ဘာသာစာအုပ် ဓမ္မဒါနလှူဒါန်းပွဲ ကျင်းပမည်

**မန္တလေး နိုဝင်ဘာ ၃**

ဆရာနေမင်းသန်း(မဲခေါင်စာပေဆုရ)ရေးသားထားသော သီကုံးပန်ဆင်ကဗျာ ဗုဒ္ဓဝင်(မြန်မာ+အင်္ဂလိပ် နှစ်ဘာသာစာအုပ် ဓမ္မဒါနလှူဒါန်းပွဲကို နိုဝင်ဘာလ ၁၀ ရက် နံနက် ၉ နာရီခွဲမှ ၁၂ နာရီအတွင်း မန္တလေးမြို့၊ ၁၈ လမ်းနှင့် ၁၉ လမ်းကြား၊ ၆၄ လမ်းနှင့် ၆၆ လမ်းကြား စာပေတင်းကုတ်တွင် ကျင်းပသွားမည် ဖြစ်သည်။

ဘာသာ၊ သာသနာ၊ စာပေနှင့် ကဗျာချစ်မြတ်နိုးသူတိုင်း တက်ရောက်ကုသိုလ်ယူချီးမြှင့်ပေးကြပါရန် ဆရာနေမင်းသန်းက ဖိတ်ကြားထားပြီး ဓမ္မဒါနလှူဒါန်းပွဲတွင် ရဟန်းစာဆို ၃ ပါးကို ဆွမ်းဆက်ကပ်လှူဒါန်း၍ ကြွရောက်လာကြသူများကို စာအုပ်လက်ဆောင်ပေးပြီး အကျွေးအမွေးဖြင့် ဧည့်ခံရန် စီစဉ်ထားကြောင်း သိရသည်။

''မြန်မာစာပေသမိုင်းမှာ ဂေါတမဗုဒ္ဓဖြစ်တော်စဉ်(ဗုဒ္ဓဝင်)ကို ကဗျာလင်္ကာရေးဖွဲ့ထားတာမရှိသေးတဲ့ ကွက်လပ်ကိုဖြည့်တဲ့အနေနဲ့ လေးချိုးကဗျာတွေဖွဲ့ဆိုပြီး ဒေါက်တာဇော်ထွန်း(ဇော်ထွန်း)က အင်္ဂလိပ်ဘာသာပြန်ဆိုထားပါတယ်''ဟု ဆရာနေမင်းသန်းက ပြောသည်။

သီကုံးပန်ဆင်ကဗျာဗုဒ္ဓဝင်စာအုပ်တွင် စာမျက်နှာ ၂၄၀ ခန့်ပါရှိပြီး ဝူဖရီရှစ်ဆယ်ဂရမ်၊ အဖုံးနှစ်ထပ်အပြင် စက္ကူဘူးတွင် ထည့်သွင်းပြီး သေသပ်ကျနစွာပုံနှိပ်ပြီး ဓမ္မဒါနအဖြစ် ထုတ်ဝေထားကြောင်း သိရသည်။

**(၃၄၉)**

# မန္တလေးဘူတာကြီးမှ ရန်ကုန်သို့ အထူးအစုန် လေအိတ်ရထားထွက်ခွာချိန် ပြောင်းလဲ

**မန္တလေး နိုဝင်ဘာ ၃**

မန္တလေးဘူတာကြီးမှ ထွက်ခွာသည့် မန္တလေး-ရန်ကုန် အထူးအစုန်လေအိတ်ရထား ထွက်ခွာချိန်ကို ည ၉ နာရီခွဲထွက်ခွာခဲ့ရာက ည ၇ နာရီခွဲအချိန်သို့ ပြောင်းလဲပြေးဆွဲမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ရန်ကုန်မှ မန္တလေးသို့ ထွက်ခွာချိန်မှာ ပြောင်းလဲခြင်းမရှိဘဲ ပုံမှန်အချိန်ဇယားအတိုင်းသာဖြစ်သည်ဟု ဆိုသည်။

''မန္တလေး-ရန်ကုန် အစုန် လေအိတ်ရထားခရီးစဉ်မှာ အရင်က မန္တလေးဘူတာကြီးကနေ ည ၉ နာရီခွဲမှာ ထွက်ခွာတယ်။ အခု နိုဝင်ဘာလက စတင်ပြီး မန္တလေးက ထွက်ခွာချိန် ပြောင်းလိုက်တာဖြစ်ပါတယ်''ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

မန္တလေးမှ ည ၇ နာရီခွဲအချိန် ထွက်ခွာပြီးနောက် လမ်းဘူတာများဖြစ်သည့် သာစည်သို့ ည ၁၀ နာရီ ၂၂ မိနစ်တွင် လည်းကောင်း၊ နေပြည်တော်သို့ ည ၁ နာရီ ၁၉ မိနစ်တွင် လည်းကောင်း၊ ပျဉ်းမနားသို့ ည ၁ နာရီ ၄၈ မိနစ်တွင် လည်းကောင်း၊ တောင်ငူသို့ နံနက် ၄ နာရီ ၅ မိနစ်တွင် လည်းကောင်း၊ ပဲခူးသို့ နံနက် ၉ နာရီ ၃၅ မိနစ်တွင် လည်းကောင်း၊ ရန်ကုန်သို့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် လည်းကောင်း ဆိုက်ရောက်မည်ဖြစ်သည်။

ရထားခရီးစဉ်လက်မှတ်ခနှုန်းထားများကိုလည်း အောက်တိုဘာ ၂၀ ရက်က စတင်ပြီး နှုန်းထားအသစ်ဖြင့် ပြေးဆွဲခဲ့ရာ ယခင်နှုန်းထားများထက် ရထားလက်မှတ်တစ်စောင်လျှင် ပျမ်းမျှ ငွေကျပ် ၂၀၀၀ မှ ၄၀၀၀ ဝန်းကျင် ဈေးမြင့်ခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၉)**



## သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌာရသမအစည်းအဝေး ကျင်းပမည်

နေပြည်တော်   နိုဝင်ဘာ   ၃

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ အဋ္ဌာရသမအစည်းအဝေးကို ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၃၊ ၄၊ ၅၊ ၆)ရက်၊(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်) တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့များတွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် တန်ဆောင်မုန်းလပြည့်ကျော် (၇၊ ၈)ရက်၊(နိုဝင်ဘာလ ၂၂၊ ၂၃ ရက်) သောကြာ၊ စနေနေ့များတွင် အဋ္ဌာရသမအစည်းအဝေးကြီး ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်၊(နိုဝင်ဘာ ၁၇ ရက်)၊ တနင်္ဂနွေနေ့အရောက် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်သည်။

ပင့်လျှောက်စာများ အချိန်မီမရောက်ရှိပါကလည်း အဆိုပါနေ့ရက်များအတိုင်း ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူကြပါရန် ပင့်လျှောက်အပ်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်




မြန်မာလှေလှော်အားကစားသမားများကို တွေ့ရစဉ်။

☐ ရှေ့ဖုံးမှ

**အဆင့်ဆင့်ယှဉ်ပြိုင်ကြရ**

လက်ရည်စစ်ပြိုင်ပွဲများဖြစ်သည့် အမျိုးသား(၁၀)တက်လှော် မီတာ ၂၀၀၀၊ အမျိုးသား (၈)တက်လှော် မီတာ ၂၀၀၀၊ အမျိုးသား၊ အမျိုးသမီး (၈) တက်လှော် မီတာ ၂၀၀၀၊ အမျိုးသား၊ အမျိုးသမီး (၁၀)တက်လှော် မီတာ ၂၀၀ နှင့် အမျိုးသား၊ အမျိုးသမီး (၁၀)တက်လှော် မီတာ ၅၀၀ ပြိုင်ပွဲများတွင် အသင်း ၁၆ သင်းအား အုပ်စုလေးစုခွဲ၍ ကွာတားဖိုင်နယ်၊ ဆီမီးဖိုင်နယ်နှင့် ဖိုင်နယ်အဆင့်များအထိ အဆင့်ဆင့် ယှဉ်ပြိုင်ကြရကြောင်း သိရသည်။

ယင်းပြိုင်ပွဲမှ အကောင်းဆုံးအသင်း ၁၂ သင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ဒူးမြို့၌ လာမည့် ၂၀၂၅ ခုနှစ် ဩဂုတ် ၉ ရက်နှင့် ၁၀ ရက်တို့တွင် ကျင်းပမည့် ကမ္ဘာ့အားကစားပြိုင်ပွဲ ချန်ပီယံရှစ် နဂါးလှေလှော်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး မြန်မာလှေလှော်အားကစားသမားများသည် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

➤ စာမျက်နှာ ၂၄ မှ

ကျွန်တော်တို့ကို အားပေးနေတဲ့ ပရိသတ်တွေအတွက် အကောင်းဆုံးကြိုးစားသွားမှာပါ" ဟု ပြောကြားခဲ့သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် AFF Futsal Championship 2024 ပြိုင်ပွဲတွင် အုပ်စု(ခ)တွင် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး၊ နိုဝင်ဘာ ၄ ရက်တွင် ဩစတြေးလျအသင်း၊ နိုဝင်ဘာ ၅ ရက်တွင် ကမ္ဘောဒီးယားအသင်း၊ နိုဝင်ဘာ ၆ ရက်တွင် အင်ဒိုနီးရှားအသင်းတို့နဲ့ အုပ်စုပွဲစဉ်များအဖြစ် ယှဉ်ပြိုင်ရမည် ဖြစ်သည်။

(NGB)

# နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

**အဆင့်မြင့်ပညာဦးစီးဌာန**

ကြေညာချက်

**နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ဘွဲ့ကြိုတန်းများနှင့် ဘွဲ့လွန်တန်းများကို ၁၄-၁၁-၂၀၂၄ ရက်မှစတင်၍ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံပြီး ၂၁-၁၁-၂၀၂၄ ရက်မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

# ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ တစ်ဖက်နှစ်ဂိုးစီနှင့် သရေရလဒ်ထွက်ပေါ်

**ရန်ကုန် နိုဝင်ဘာ ၃**

ယနေ့ မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်အဖြစ် သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့၏ ပွဲစဉ်တွင် တစ်ဖက်(၂)ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ပထမပွဲချိန်များအတွင်း ရန်ကုန်ယူနိုက်တက်အသင်းဘက်မှ ထိုးဖောက်တိုက်စစ်ဆင်မှုများစွာဖြင့် တိုက်စစ်ကစားနိုင်ခဲ့သော်လည်း ဦးဆောင်ဂိုးများကို ဟံသာဝတီယူနိုက်တက်အသင်းဘက်မှ ရရှိခဲ့ကာ တန်ပြန်တိုက်စစ်များမှတစ်ဆင့် ပွဲချိန်(၁၁) မိနစ်နှင့် (၃၀) မိနစ်များတွင် သန်းတိုးအောင်နှင့် အောင်မြတ်သူတို့က သွင်းယူပေးခဲ့ပြီး ပထမပိုင်းပွဲကစားချိန်ကို ဟံသာဝတီယူနိုက်တက်အသင်းဘက်မှ (၂-၀)ဂိုးဖြင့် ဦးဆောင်ခဲ့သည်။

ဒုတိယပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်း ကစားကွက်အခင်းကျင်းများနှင့် ကစားသမားအပြောင်းအလဲများ ပြုလုပ်ခဲ့ပြီး ဂိုးရရှိရန် ကြိုးပမ်းခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းဘက်မှ လျင်မြန်စွာထိုးဖောက်တိုက်စစ်ဆင်ခဲ့ရာ ပွဲချိန် (၅၄)မိနစ်တွင် ဥက္ကာနိုင်က ပြန်လျှံထွက်လာသောဘောလုံးကို ဧရိယာထိပ်မှ အပြင်းကန်သွင်းယူခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းဘက်က ချေပဂိုးရရှိခဲ့သည်။ ထို့နောက် ၆ မိနစ်အကြာတွင် ကွင်းလယ်ကစားသမား ဝေလင်းအောင်က ရန်ကုန်ယူနိုက်တက်အသင်းအတွက် နောက်ထပ်ချေပဂိုး သွင်းယူပေးခဲ့သည်။ လက်ကျန်ပွဲချိန်များအတွင်း ရန်ကုန်ယူနိုက်တက်အသင်းသည် အနိုင်ဂိုးရရှိရေး ကြိုးစားခဲ့သော်လည်း ဂိုးရခွင့်အခွင့်အရေးအချို့ လက်လွှတ်ခဲ့ရပြီး သရေရလဒ်ဖြင့် သာကျေနပ်ခဲ့ရသည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ပွဲစဉ် ၁၃ ပွဲ ကစား၊ ၉ ပွဲနိုင်၊ ၄ ပွဲသရေနှင့် ရမှတ် ၃၁ မှတ်ရရှိထားပြီး လာမည့် နိုဝင်ဘာ ၂၄ ရက်နေ့တွင် သစ္စာအားမာန်အသင်းနှင့် YUSC ကွင်းတွင် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

(NGB)

# ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်နိုင်ခဲ့သည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှ ပထမဆုရရှိသူများ၏ ယှဉ်ပြိုင်ခဲ့မှုမှတ်တမ်း



ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသမီး အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မသွန်းရတီ(ခ)သွန်းသုသုနိုင် "ဘုံဆောင်မြင့်" (ကြိုး) သီချင်းဖြင့် ဤသို့တီးခတ်ယှဉ်ပြိုင်ခဲ့သည်။




နှဲအတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်အံ့ထူးကိုကို "ထွေတလာ"(ကြိုး) သီချင်းဖြင့် တီးမှုတ်ယှဉ်ပြိုင်စဉ်။




မယ်ဒလင်အတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ မောင်ကောင်းချစ်ပိုင်စိုး "သည်ဆောင်းပေမန်" (ဘွဲ့) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေး အဆိုပြိုင်ပွဲ ဝါသနာရှင်ဒုတိယတန်းအဆင့် (အမျိုးသမီး)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ထက်ဧကရီလွင် "ဂီတရေစီးကြောင်း" သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။




မယ်ဒလင်အတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မရှင်မင်းအေး "ကုဏ္ဍလာအိုင်" (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်ပုံ။




တယောအတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသမီး အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ကယားပြည်နယ်မှ မအင်နီးဆင့်စုစု "ရွှေပြည်ကြီးဇရာ" (ကြိုး)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် မွန်ပြည်နယ်မှ မနွေးနွေးထက် "လျှပ်ပန်းခွေနဲ့" (ယိုးဒယား)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်ဟန်။




တယောအတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ထူးပြည့်စုံလွင် "ရွှေပြည်ကြီးဇရာ" (ကြိုး)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ပလွေအတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မောင်ဟိန်းဝေဖော် "ဖေယျာမြို့" (ကြိုး)သီချင်းဖြင့် တီးမှုတ်ယှဉ်ပြိုင်စဉ်။




မယ်ဒလင်အတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်သုထက်အောင် "မြမန်းဂီရိ" (ယိုးဒယား)သီချင်းဖြင့် ဤသို့ တီးခတ်ယှဉ်ပြိုင်ခဲ့သည်။




ပလွေအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်အောင်ဖုန်းခန့် "လှဲ့လှဲ့စိမ်းရောင် " (ကြိုး)သီချင်းဖြင့် တီးမှုတ်ယှဉ်ပြိုင်စဉ်။




တယောအတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပူးတွဲပထမဆုရရှိသည့် ကယားပြည်နယ်မှ မမေသန္တာဝင်း"မှန်ရဝေ" (ပတ်ပျိုး)" သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




မယ်ဒလင်အတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသမီး အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ မရွှန်းလဲ့မေ "မင်္ဂလာဆယ့်နှစ်ပါး" (ကာလပေါ်) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



## အောင်လံမြို့၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာများ၊ နို့စားနွားမွေးမြူသူများ တွေ့ဆုံပွဲအခမ်းအနား ကျင်းပ

**အောင်လံ နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးမှ ဌာနဆိုင်ရာများ၊ နို့စားနွားမွေးမြူသူများနှင့် တွေ့ဆုံပွဲအခမ်းအနားကို အောက်တိုဘာ ၁ ရက်နေ့က အောင်လံမြို့ ခရိုင်စုပေါင်းရုံးခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးဌာနမှူးမှ မွေးမြူရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် နို့စားနွားမွေးမြူသူများမှ တင်ပြဆွေးနွေးလိုသည်များ ဆွေးနွေးတင်ပြခဲ့ပြီး၊ ဒုတိယဝန်ကြီးမှ ဆွေးနွေးတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

## ဒုတိယဝန်ကြီး ဦးဝင်းရှိန် ညောင်ဦးမြို့ Sanon Assessment Center ၌ Waiting Staff Level-1 စစ်ဆေးအကဲဖြတ်နေမှု ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၃**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့မွန်းလွဲပိုင်းတွင် ညောင်ဦးမြို့နယ် ညောင်ဦးသံတဲဝင်း ပျူစောထီးလမ်း အမှတ် (၃) ရပ်ကွက်ရှိ Sanon Assessment Center သို့ ရောက်ရှိပြီး ဟိုတယ်စားပွဲထိုး (Waiting Staff) Level-1 အလုပ်အကိုင်အတွက် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်နေမှုကို ကြည့်ရှုစစ်ဆေးကာ ဟိုတယ်လုပ်ငန်းဆိုင်ရာ လုပ်ငန်းရှင်များ၊ တာဝန်ခံများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးသည်။

**အသိအမှတ်ပြုလက်မှတ်များထုတ်ပေး**

တွေ့ဆုံဆွေးနွေးစဉ် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)အနေဖြင့် လုပ်သားထုကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်မှု "စံ" များ ရေးဆွဲခြင်း၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်းနှင့် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ဟိုတယ်နှင့် ခရီးသွားဝန်ဆောင်မှု လုပ်ငန်းကဏ္ဍနှင့်ပတ်သက်၍ Level 1 အလုပ်အကိုင် ရှစ်မျိုး၊ Level 2 အလုပ်အကိုင် ရှစ်မျိုးနှင့် Level 3 အလုပ်အကိုင် နှစ်မျိုး၊ စုစုပေါင်း အလုပ်အကိုင် ၁၈ မျိုးအတွက် ကျွမ်းကျင်မှုစံများ အတည်ပြုထားပြီး ၂၀၁၄ ခုနှစ်မှ ယနေ့ထိ ဟိုတယ်စားပွဲထိုး၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးနှင့် ဧည့်ကြိုအလုပ်အကိုင် သုံးမျိုးတွင် သတ်မှတ် အရည်အချင်းကိုက်ညီသူ ၁၄၈၅ ဦးကို ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ခဲ့ကြောင်း။

**အလေးထားဆောင်ရွက်**

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်း ကဏ္ဍဆိုင်ရာ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရန်နှင့် အသိအမှတ်ပြု လုပ်ငန်းစဉ်များ ဆောင်ရွက်ပေးလျက်ရှိရာ Sanon Assessment Center အနေဖြင့် NSSA လုပ်ငန်းစဉ်တွင် စဉ်ဆက်မပြတ် ပါဝင်ဆောင်ရွက်ပေးရန်၊ ဟိုတယ်အလုပ်အကိုင်ဆိုင်ရာ အလုပ်ရှာဖွေသူများအတွက် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့် ဟိုတယ်အလုပ်အကိုင်ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားခြင်းနှင့် အရည်အသွေးရှိ ကျွမ်းကျင်မှု စစ်ဆေး အကဲဖြတ်ခြင်းများ ဆောင်ရွက်နိုင်ရေး ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန တည်ထောင်၍ စဉ်ဆက်မပြတ် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်နိုင်ရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၅၉၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

**ထုတ်ပြန်ကြေညာ**

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ နိုဝင်ဘာ ၄ ရက်မှ နိုဝင်ဘာ ၁၀ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၅၉၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

**ဥပဒေအရအရေးယူဆောင်ရွက်မည်**

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၉)အနိုင်၊ အရှုံး** NGB

| | | |
|---|---|---|
| ဖရိုင်းဘတ် | ၀ - ၀ | မိန့်ဇ် |

**အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၀)အနိုင်၊ အရှုံး** NGB

| | | |
|---|---|---|
| စပါး | ၄ - ၁ | ဗီလာ |
| မန်ယူ | ၁ - ၁ | ချဲလ်ဆီး |

**စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၂)အနိုင်၊ အရှုံး** NGB

| | | |
|---|---|---|
| အက်သလက်တီကို | ၂ - ၀ | လာ့စ်ပါးမက်စ် |
| ဘာစီလိုနာ | ၃ - ၁ | အက်စ်ပန်ညို |

**အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၁)အနိုင်၊ အရှုံး** NGB

| | | |
|---|---|---|
| နာပိုလီ | ၀ - ၃ | အတ္တလန်တာ |
| တိုရီနို | ၀ - ၁ | ဖီအိုရင်တီးနား |

**ပြင်သစ်လီဂူးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၀)အနိုင်၊ အရှုံး** NGB

| | | |
|---|---|---|
| တူးလော့ | ၁ - ၀ | ရမ်းစ် |
| အော်ဇေး | ၄ - ၀ | ရင်းနက်စ် |
| လီဟာဗာ | ၁ - ၀ | မောင့်ပယ်လီယာ |

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Ye Htet Naing" Facebook အကောင့်နှင့် "Ye Htet" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ခြောက်မိုင်ကွဲခြံကုန်းရပ်ကွက်နေ ရဲထက်နိုင်(ခ)အိုဝိုက်စ်နှင့် တစ်ရပ်ကွက်တည်းနေ "Min Htet Naing" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မင်းထက်နိုင်(ခ)ကေကေဘားတို့အား ညနေ ၅ နာရီခွဲတွင် မြိုင်သာယာမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Blooded Palace :The War of Flowers တွင် ဂျိုဆွန်နန်းတော်၏ မိန်းမကြမ်းမိဖုရားအကြောင်း ရိုက်ကူးထား




ကိုရီးယားရာဇဝင်ဇာတ်ကား Blooded Palace :The War of Flowers မာယာနန်းတော်တွင် ဂျိုဆွန်နန်းတော်၏ မိန်းမကြမ်းမိဖုရားအဖြစ် ဂျိုဟွီအင်းကို သတ်မှတ်ခံရသည့်အကြောင်း ရိုက်ကူးထားသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျိုဆွန်း၏ ဆယ်ခြောက်ဆက်မြောက်ဘုရင် အင်ဂျိုဘုရင်လက်ထက် အစေခံဘဝမှ မိဖုရားဖြစ်လာသောကြောင့် စိတ်ကြမ်းကိုယ်ကြမ်းနှုတ်ကြမ်းရှိသည်ဟု သမိုင်းပညာရှင်များ မှတ်ချက်ပေးခံထားရသော မိဖုရားအကြောင်း ရိုက်ကူးထားခြင်းဖြစ်သည်။

အင်ယောဘုရင်မကြီး အစ်ကိုတော်အိမ်တွင် အစေခံလုပ်ခဲ့ပြီး နန်းတော်သို့ ဝင်ရောက်ခဲ့ရာမှ အင်ဂျိုဘုရင်က နန်းတွင်းသူနေရာမှတစ်ဆင့် ကြင်ရာတော်ရာထူးတိုးပေးခဲ့၍ ၁၆၃၈ခုနှစ်တွင် ဆိုဝန်း အဆင့်လေးမိဖုရား၊ ၁၆၄၀တွင် ဆိုယုံ အဆင့်သုံး၊ ၁၆၄၅တွင် ဆိုအွီ အဆင့်နှစ်နှင့် ၁၆၄၉တွင် အဆင့်တစ် မျိုးရိုးဂျိုဟွီအင်းမိဖုရား ဖြစ်လာခဲ့သည်။

မိဖုရားဘဝတွင် မိန်းမကြမ်းတစ်ဦးအဖြစ် သွေးခွဲခြင်း၊ လုပ်ကြံခြင်းကိစ္စများအထိ လုပ်ကြံခဲ့ရာမှ တစ်မိသားစုလုံး အဖမ်းခံခဲ့ရကာ နန်းတော်မှ ဂျိုဟွီအင်းကို တော်ဝင်ရာထူး ရုပ်သိမ်းခံခဲ့ရသည်ထိဖြစ်ခဲ့ကာ အင်ဂျိုဘုရင်နှင့် သားတော်နှစ်ဦး၊ သမီးတော်တစ်ဦး ထွန်းကားခဲ့သည်။ **SKY**

## ဆီးချိုထိန်းရန်မှီဝဲရသော အိုဇမ်းပစ်သောက်ဆေး ကျောက်ကပ်ပျက်စီးမှုကို လျှော့ချပေးနိုင်သည်ဟု ဆို



ဆီးချိုဝေဒနာရှင်များ၏ ဆီးချိုအတက်အကျကို ထိန်းရန်အတွက် မှီဝဲရသော ဆေးမာဂလူတိုက်ဆေးကို အိုဇမ်းပစ်ဆေးဟု အများက ခေါ်ဝေါ်လေ့ရှိကြသည်။


ထိုဆေး၏ အာနိသင်နှင့်ပတ်သက်၍ နယ်သာလန်နိုင်ငံရှိ ဂရိုနင်ဂျင်ဆေးတက္ကသိုလ်မှ ဆေးဖက်ဆိုင်ရာပညာရှင် ဟစ်ဒီ အယ်လ်ဟီယာစပင့် ဦးဆောင်သော နိုင်ငံစုံသုတေသီများ မကြာသေးမီက သုတေသနပြု လေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ အိုဇမ်းပစ်သောက်ဆေးသည် ကျောက်ကပ်ပျက်စီးမှုကို လျှော့ချပေးနိုင်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။

ကနေဒါ၊ ဂျာမနီ၊ စပိန်နှင့် နယ်သာလန် လေးနိုင်ငံမှ လူပေါင်း ၁၀၁ ဦးကို ၂၄ပတ်ကြာ ထိုဆေးသောက်သုံးစေပြီး လေ့လာခဲ့ကြခြင်းဖြစ်သည်။

ထို့ပြင် အိုဇမ်းပစ်သောက်ဆေးသည် နှလုံးထိခိုက်မှုကိုလည်း ၃၃ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်ကြောင်းလည်း တွေ့ရှိခဲ့သည်။ **SCI**

## Akshay Kumar က သူ့ကို သနားစရာမလိုဟု ပြောကြားထား



ဘောလီဝုဒ်ဝါရင့်အနုပညာရှင် အရှေးကူမားရ်သည် ကိုဗစ်ကာလနောက်ပိုင်း ရိုက်ခဲ့သော ရုပ်ရှင်ဇာတ်ကား ၁၀ ကားစလုံး အရှုံးပေါ်ခဲ့၍ ဝေဖန်မှုများစွာ ခံခဲ့ရကာ ပရိသတ်များထံ သူ့ကို သနားစရာမလိုကြောင်း ပြောကြားထားသည်ဟု ဘောလီဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အရှေးကူမားရ်သည် နှစ်နှစ်အတွင်း ရုပ်ရှင်ဆယ်ကားတွင် ခြောက်ကားမှာ (Disaster) အရင်းမရ အရှုံးပေါ်ပြီး သုံးကားမှာ (Flop) ရုံလူမဝင်၍ အရှုံးပေါ်ကာ Oh My God 2 မှာ ပေါက်ကားဖြစ်ခဲ့၍ အနုပညာလောကတွင် ဝေဖန်မှုများစွာ ကြုံရ၍ အရှေးကူမားရ်က သူ့ကို သနားစရာမလို နောင်နှစ်အတွက် ဇာတ်ကားနှစ်ကား ရိုက်ကူးထားပြီး ဆက်လက်၍လည်း ရိုက်ကူးဦးမည်ဟု ပရိသတ်ကို ပြောကြားထားသည်။

၂၀၂၅ခုနှစ်တွင် အရှေးကူမားရ်၏ Welcome to Jungle နှင့် Hera Pehri 3 နှစ်ကားထွက်ရှိလာဦးမည်ဖြစ်ပြီး Housefulls ကိုလည်း ရိုက်ကူးဦးမည်ဖြစ်သည်။ **SKY**

## Wang Yi Bo က Somebody Else's Arms သီချင်းသစ်ကို ချပြထား

ဝမ်ရိဘိုသည် တရုတ်အနုပညာရှင်များနှင့်အတူ Yueltua Family Annual Meeting Red Corpetကို ထူးခြားသော ဖက်ရှင်နှင့်တက်ရောက်ခဲ့ပြီး Somebody Else'sArms သီချင်းသစ်ကို ချပြခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါပွဲတော်၏ ဂီတစင်မြင့်ကို Deep in the Sea ဟုဆိုသည့်အတိုင်း နောက်ခံကို နက်ရှိုင်းသည့် ပင်လယ်ပြာရောင် သုံးထားပြီး ခပ်မှိုင်းမှိုင်းမြူခိုးများကြား တွဲဖက်အကသမားများ မျက်နှာပေါ်တွင် ပင်လယ်သင်္ကေတများရေးဆွဲ၍ အပြာရောင်ခြယ်သထားကာ သီချင်းနှင့် လိုက်ဖက်စွာ စီစဉ်ထားသည်။

ဝမ်ရိဘိုက SEA ဖျော်ဖြေမှုအပြီး ပရိသတ်များကို ဦးညွတ်နှုတ်ဆက်၍ ဘေးကင်းကြရန် ဂရုတစိုက်မှာကြား၍ Some-body Else's Arms သီချင်းသစ်ကို ချပြသွားခဲ့သည်။ **SKY**



## Xiao Zhan ၏ Fellow Traveller သီချင်းက 2024 China Digital Music တွင် စာရင်းဝင်



တရုတ်အနုပညာရှင် ရှောင်းကျန့်၏ Fellow Traveller သီချင်းသည် 2024 China Digital Music Industry Conference တွင် Charity ကဏ္ဍ၌ စာရင်းဝင်ဖြစ်ခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရှောင်းကျန့်၏ သာယာချိုအေးသောအသံနှင့် Fellow Traveller သီချင်းသည် ၂၀၂၄ ခုနှစ် တရုတ်ဒစ်ဂျစ်တယ်တေးဂီတဖျော်ဖြေပွဲ၏ Charity ကဏ္ဍတွင် Excellent Digital Music work အဖြစ် ဆန်ခါတင်စာရင်းဝင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါသီချင်းကို ရှောင်းကျန့်က ပြိုင်ပွဲဝင်ခဲ့ရာတွင် မိတ်ဆက်ရာ၌ ကျွန်တော်အဆိုတော်အသစ်လေးရှောင်းကျန့်ပါဟု ဆိုကာ ယဉ်ကျေးစွာပြောဆို၍ သီဆိုခဲ့သော သီချင်းဖြစ်ပြီး ယင်းအလှူဒါနကဏ္ဍ၌ စာရင်းဝင်ဖြစ်ခဲ့၍ ပရိသတ်ဂုဏ်ယူမဆုံးဖြစ်နေကြသည်။ **SKY**

## Jungsomin အပါအဝင် အနုပညာရှင်လေးဦး ကြိုးစားခဲ့ရသမျှ ဆုံးရှုံးခဲ့ရ

ကိုရီးယားအနုပညာလောကတွင် ကြိုးစားခဲ့ရသမျှ ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ခဲ့ကြရသည့် အနုပညာရှင် အမျိုးသမီးလေးဦး စာရင်းတွင် ဂျောင်ဆိုမင်လည်း ပါဝင်ခဲ့သည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ဂျောင်ဆိုမင်သည် ကေပေါ့ပ်အဖွဲ့နှင့် ပွဲဦးထွက်ရန် ကြိုးစားခဲ့သော်လည်း အခြေအနေမပေးခဲ့၍ ရသစုံအစီအစဉ် Running Man တွင် ပါဝင်ခဲ့ရာမှ ပရိသတ်လိုလားမှု မရှိသည်နှင့် ကြုံခဲ့ရပြီး သရုပ်ဆောင်လောကသို့ ခြေချခဲ့သည်။

ပတ်ဘိုယောင်းနှင့် ရှင်ဟေဆွန်တို့မှာလည်း သရုပ်ဆောင်လောကတွင် နာမည်တစ်ခုရရှိရန် နှစ်ရှည်လများ ကြိုးစားခဲ့ကြရပြီးမှ အိမ်ထောင်ရှင်မများအဖြစ် ခံယူခဲ့ကြ၍ ကြိုးစားခဲ့ရသမျှ ဆုံးရှုံးခဲ့ကြရသည်။

ပတ်ရှင်ဟေးမှာလည်း နာမည်ကျော်ကြားနေစဉ်ပင် လက်ထပ်ခဲ့ပြီး အိမ်ထောင်တာဝန်များကြောင့် အနုပညာလောကမှ ကြယ်တစ်ပွင့် ထပ်မံဆုံးရှုံးခဲ့ရသည်။ **SKY**

## Enhypen မှ Jake အပါအဝင် မျိုးဆက်သစ်များက BTS မှ Vကို Role Model အဖြစ်သတ်မှတ်ထား

ကေပေါ့ပ်မျိုးဆက်သစ်အဖွဲ့ဝင်များဖြစ်ကြသည့် အနုပညာရှင်များစွာအနက် အင်န်ဟိုက်ပန်အဖွဲ့ဝင်ဂျိတ်လည်း အပါအဝင်ဖြစ်ကာ ဘီတီအက်စ်မှ ဗွီကို သူတို့၏စံပြ Role Model အဖြစ် သတ်မှတ်ထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါမျိုးဆက်သစ်အဖွဲ့ဝင်များဖြစ်ကြသည့် ကေပေါ့ပ်အနုပညာရှင်များစွာတွင် တီအိပ်စ်တီအဖွဲ့မှ ဘီအွန်ဂူအင်န်ဟိုက်ပန်မှဂျိတ်၊ သည်ဘွိုင်းစ်မှ ယွန်ဟွန်၊ အင်န်ဟိုက်ပန်မှ ဆောင်ဟွန်၊ ဆန်နီနှင့် ဂျေတို့က သူတို့၏စံပြအဖြစ် ဘီတီအက်စ်မှ ဗွီ (ခေါ်) ကင်ထယ်ယောင်းကို သတ်မှတ်ခဲ့သည်။

ဆိုရိတ်ဗစ်တီးမှ ဆီရမ်၊ ဂျန်မို၊ ဇီဒစ်အဖွဲ့မှ လက်ပ်အီဗယ်နီးမှ ဂျောင်ဟီအွန်၊ ထရက်ရှာမှ ဟာရူတို့လည်း ပါဝင်ထားကြသည်။ **SKY**

## သမ္မတရွေးကောက်ပွဲ နီးကပ်လာသည်နှင့်အမျှ ဒေါ်နယ်လ်ထရမ့်၏ မဲဆွယ်စည်းရုံးမှုအရှိန်မြင့်လာ



**ဝါရှင်တန် နိုဝင်ဘာ ၃**

အမေရိကန်သမ္မတရွေးကောက်ပွဲ နီးကပ်လာသည်နှင့်အမျှ ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်လ်ထရမ့်၏ မဲဆွယ်စည်းရုံးမှု အရှိန်မြင့်လာလျက်ရှိကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အစပိုင်းတွင် လူထုအားပေးထောက်ခံမှုနှင့် လှူကြိုက်များမှုသာလွန်ခဲ့သော ဒီမိုကရက်တစ်သမ္မတလောင်း ကာမာလာဟဲရစ်ကို အနိုင်ရရန် ထရမ့်၏ မဲဆွယ်စည်းရုံးရေးအဖွဲ့က နည်းလမ်းအမျိုးမျိုးဖြင့် တိုးမြှင့်မဲဆွယ်ရန် စီစဉ်ခဲ့သည်။

ဒေါ်နယ်လ်ထရမ့်ကို အောက်ခြေအထိဆင်းပြီး သာမန်အရပ်သားများနှင့် ထိတွေ့ဆက်ဆံကာ စည်းရုံးသောနည်းလမ်းကို တွင်ကျယ်စွာအသုံးပြုစေခဲ့ရာမှ ယခုနောက်ပိုင်းတွင် ကာမာလာဟဲရစ်ကို အမီလိုက်လာနိုင်ခဲ့သည်။

မဲအနိုင်ရရန်သေချာသောပြည်နယ်အသီးသီးတွင် ပေါ်ထွက်လာမည့်မဲရလဒ် ပြောင်းလဲမသွားစေရန် ထရမ့်တို့ဘက်မှ များစွာကြိုတင်ပြင်ဆင်ထားကြောင်း သိရသည်။ **Mon**

## ဟားမတ်စ်တို့ကို အစ္စရေးတိုက်ခိုက်နေသည့်ကြားတွင် ပိုလီယိုအစက်ချကာကွယ်ဆေးတိုက်ကျွေးမှု ပြုလုပ်



**ဂါဇာ နိုဝင်ဘာ ၃**

ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်း၌ ဟားမတ်စ်တို့ကို အစ္စရေးဘက်က တိုးမြှင့်တိုက်ခိုက်နေသည့်ကြားမှာပင် ကုလသမဂ္ဂအဖွဲ့အစည်းများက ဦးဆောင်ကာ နိုဝင်ဘာ ၂ ရက်က ဒုတိယအကြိမ် ပိုလီယိုအစက်ချကာကွယ်ဆေးတိုက်ကျွေးမှုပြုလုပ်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပါလက်စတိုင်း ကလေးသူငယ်များအတွက် ပထမအကြိမ် ပိုလီယိုအစက်ချကာကွယ်ဆေးတိုက်ကျွေးမှုကို လွန်ခဲ့သော စက်တင်ဘာလက အောင်မြင်စွာပြုလုပ်နိုင်ခဲ့ပြီး ယခုပြုလုပ်သော အစီအစဉ်သည် ဒုတိယပိုင်းနှင့် နောက်ဆုံးပိုင်းဖြစ်ကြောင်း ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာကလေးများရန်ပုံငွေအဖွဲ့က ထုတ်ပြန်ကြေညာသည်။

ယင်း ပိုလီယိုအစက်ချကာကွယ်ဆေး တိုက်ကျွေးမှုအစီအစဉ်သည် ကလေးသူငယ်များအတွက် အလွန်အရေးကြီးသော်လည်း အပစ်အခတ်ရပ်စဲရေးသည် သာ၍အရေးကြီးသဖြင့် ဂါဇာကမ်းမြောင်ဒေသတွင် အမြန်ဆုံးအပစ်အခတ်ရပ်စဲကြရန် ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းက တိုက်တွန်းဆော်ဩလိုက်သည်။

ပထမအစီအစဉ်တွင် ဂါဇာဒေသခံ ကလေးသူငယ်ပေါင်း ၅၆၀၀၀၀ ကျော်တို့ကို ပိုလီယိုအစက်ချကာကွယ်ဆေး တိုက်ကျွေးနိုင်ခဲ့သော်လည်း ဒုတိယအကြိမ်တွင် ကလေး ၁၁၉၀၀၀ ခန့်ကိုသာ တိုက်ကျွေးနိုင်ဖွယ်ရှိကြောင်း သိရသည်။ **Mon**

0-0-0-0-0

# INTERNATIONAL NEWS

# နိုင်ငံတကာသတင်းများ

## ဘစ်ကွိုင်တီထွင်ဖန်တီးသူမှာ မိမိသာဖြစ်သည်ဟု စတီဖင်မိုလာဆိုသူ လန်ဒန်၌ မြွက်ဟကြေညာ



**လန်ဒန် နိုဝင်ဘာ ၃**

ခရစ်ပတိုငွေကြေးများထဲတွင် အစောဆုံးနှင့် တန်ဖိုးအကြီးဆုံးဖြစ်သော ဘစ်ကွိုင်ကို တီထွင်ဖန်တီးသူမှာ မိမိသာဖြစ်သည်ဟု မကြာသေးမီက စတီဖင်မိုလာဆိုသူ ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ မြွက်ဟကြေညာခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ဘစ်ကွိုင်တီထွင်ဖန်တီးသူဆတောရှိနကမောတော ရှေ့သို့ကြွရောက်ပေးပါဟု အခမ်းအနားမှူးက ဖိတ်ခေါ်အပြီးတွင် စတီဖင်မိုလာ ရှေ့သို့ထွက်လာခဲ့သည်။

ဘစ်ကွိုင်နှင့်သက်ဆိုင်သောမေးခွန်းများအနက်မှ အများစုကို ၄င်း ဖြေကြားနိုင်ခဲ့သော်လည်း ဆတောရှိနကမောတောအစစ်မဖြစ်နိုင်ဟု ကျွမ်းကျင်သူများမှတ်ချက်ချခဲ့ကြောင်း သိရသည်။ **Mon**



အစိုးရ၏ ရေကြီးမှုကယ်ဆယ်ရေးနှောင့်နှေးနေသည်ကို မကျေနပ်သဖြင့် စပိန်နိုင်ငံ ဗလင်စီယာမြို့လယ်၌ နိုဝင်ဘာ ၂ ရက်က လူပေါင်းထောင်နှင့်ချီ၍ ဆန္ဒပြနေကြစဉ်။ **Mon**

## လက်ဘနွန်မြောက်ပိုင်း ဘာထရောင်ဆိပ်ကမ်းမြို့သို့ အစ္စရေးရေတပ် လျှပ်တစ်ပြက်ထိုးဖောက်ဝင်ရောက်ခဲ့

**ဘေရွတ် နိုဝင်ဘာ ၃**

လက်ဘနွန်နိုင်ငံမြောက်ပိုင်းရှိ ဘာထရောင်ဆိပ်ကမ်းမြို့သို့ နိုဝင်ဘာ ၁ ရက်က အစ္စရေးရေတပ် လျှပ်တစ်ပြက်ထိုးဖောက်ဝင်ရောက်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အရုဏ်တက်ချိန်တွင် ဆိပ်ကမ်းသို့ ကျူးကျော်ဝင်ရောက်သည့် မည်သူမည်ဝါမသိရသော တပ်ဖွဲ့ဝင်များ အနီးအနားရှိ အဆောက်အအုံများထဲသို့ စီးနင်းတိုက်ခိုက်ခဲ့ပြီးနောက် လူတစ်ဦးကိုဖမ်းကာ စက်လှေဖြင့် ထွက်ပြေးသွားကြောင်း လက်ဘနွန်ဘက်က သတင်းထုတ်ပြန်သည်။

ထိုသို့ ကျူးကျော်ဝင်ရောက်လာမှုနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တိုင်တန်းရန် နိုင်ငံခြားရေးဝန်ကြီးကို ညွှန်ကြားထားကြောင်း လက်ဘနွန်ဝန်ကြီးချုပ်နာဂျစ်မီကာတီက ထုတ်ဖော်ပြောကြားသည်။

အထူးစစ်ဆင်ရေးပြုလုပ်ကာ ဟစ်ဇဘိုလာထိပ်တန်းခေါင်းဆောင်တစ်ဦးကို မိမိတို့ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု အစ္စရေးစစ်ဘက်ဆိုင်ရာပြောခွင့်ရသူက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **Mon**



**STOP AIDS**



## မိုးသည်းထန်မှုအခြေအနေ ပိုမိုဆိုးရွားလာသဖြင့် ဂျပန်နိုင်ငံအနောက်ပိုင်း၌ ဒေသခံများရွှေ့ပြောင်း

**တိုကျို နိုဝင်ဘာ ၃**

မိုးသည်းထန်မှုအခြေအနေ ပိုမိုဆိုးရွားလာသဖြင့် ဂျပန်နိုင်ငံအနောက်ပိုင်း၌ နိုဝင်ဘာ ၂ ရက်က ဒေသခံများ ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းလျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကောင်းရေးတိုင်ဖုန်းမုန်တိုင်းဝင်ရောက်လာပြီးနောက် ဂျပန်နိုင်ငံအနောက်ပိုင်းဒေသများတွင် မိုးကြိုးမုန်တိုင်းကျကာ မိုးထစ်ချုန်းရွာပြီး ရေကြီး၊ မြေပြိုမှုများဖြစ်လာနိုင်သဖြင့် လူပေါင်း ၂၀၀၀၀၀ နီးပါး ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြရန် ဒေသဆိုင်ရာအာဏာပိုင်များက နိုဝင်ဘာ ၁ ရက်နေ့ကတည်းက အသိပေးနှိုးဆော်ခဲ့သည်။

အထူးသဖြင့် မတ်ဆုယာမာမြို့ပတ်ဝန်းကျင် ရပ်ကွက် ၁၀ ခုမှ ဒေသခံများ ရေဘေးသင့်နိုင်သည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းထားသဖြင့် ထိုသို့နှိုးဆော်ခဲ့ခြင်းဖြစ်သည်။

နိုဝင်ဘာ ၂ ရက်က မိုးသည်းထန်လွန်းသဖြင့် ရှင်းကာဆင်ကျည်ဆန်ရထားခရီးစဉ်များကို ယာယီရပ်တန့်ထားကြောင်း သိရသည်။ **Mon**

## အီရန်အကြွင်းမဲ့ဘာသာရေးခေါင်းဆောင် ခါမေနီ အမေရိကန်နှင့် အစ္စရေးကို ချေမှုန်းမည်ဟု သတိပေး

**တီဟီရန် နိုဝင်ဘာ ၃**

အီရန်နိုင်ငံ၏ အကြွင်းမဲ့ဘာသာရေးခေါင်းဆောင် အယာတိုလာခါမေနီက အမေရိကန်နှင့် အစ္စရေးကို ချေမှုန်းတိုက်ခိုက်မည်ဟု နိုဝင်ဘာ ၂ ရက်တွင် သတိပေးလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၁၉၇၉ ခုနှစ် အမေရိကန်သံရုံး စီးနင်းတိုက်ခိုက်မှု နှစ်ပတ်မလည်မီ တက္ကသိုလ်ကျောင်းသားများကို အသက် ၈၅ နှစ်အရွယ် အယာတိုလာခါမေနီ မိန့်ခွန်းပြောကြားစဉ် ယင်းကဲ့သို့ သတိပေးလိုက်ခြင်း ဖြစ်သည်။



အစ္စရေးနိုင်ငံ၌ အမေရိကန်လုပ် ဒုံးလက်နက်ကာကွယ်ရေးစနစ်များ တိုးမြှင့်ချထားပေးပြီးနောက်တစ်ရက်တွင် ၄င်းက အမေရိကန်နှင့်အစ္စရေးကို သတိပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

## စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်အသိပညာပေး ဟောပြောပွဲကျင်းပ

**မင်းဘူး နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ် အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ) ရေပုတ်ကျောင်း၌ လူငယ်အသိပညာပေး ဟောပြောပွဲကို ယမန်နေ့နံနက် ၉ နာရီခွဲက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာက အဖွင့်အမှာစကားပြောကြားပြီး၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမောင်မောင်ကျော်က ကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်ကလေးများဟာ ကျောင်းစာများအပြင် ပြင်ပ၊ ဗဟုသုတရရှိစေသည့် စာပေများကိုလည်း ဖတ်ရှုကြရမှာဖြစ်ကြောင်း၊ စာပေဖတ်ရှုခြင်း အလေ့အထဟာ ငယ်ရွယ်စဉ်မှာသာမက အရွယ်သုံးပါးစလုံးနှင့် သက်ဆိုင်ကြောင်း၊ စာပေဖတ်ရှုခြင်းကြောင့် အသိပညာဗဟုသုတများ တိုးပွားကာ လူမှုဆိုင်ရာ စီးပွားရေးနယ်ပယ်များမှာလည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ ဒါကြောင့် စာပေပညာများကို လက်လှမ်းမီသ၍ လေ့လာလိုက်စားကာ အမြဲမပြတ်ဖတ်ရှုကြရမှာ ဖြစ်ကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့သည်။



အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော အသိပညာပေး နံရံကပ်စာစောင်များ၊ သုတ၊ ရသ၊ ဝတ္ထု၊ မဂ္ဂဇင်းစာအုပ်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူလေးများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

(၅၀၄)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



## မှုခင်းအသိပညာပေး ဟောပြောပွဲ ကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ စိန်ပန်းရပ်ကွက်၊ အနောက်မြို့ပတ်လမ်းရှိ အမှတ် (၈) အခြေခံပညာအထက်တန်းကျောင်း၌ အောက်တိုဘာ ၃၁ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ ဦးဆောင်၍ မှုခင်းအသိပညာပေး ဟောပြောပွဲ ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် အမှတ်(၂၅) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုရဲအုပ်ဇော်လွင်က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းသိကောင်းစရာများ၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများနှင့် ပတ်သက်၍လည်းကောင်း၊ အမှတ်(၁၅)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ ရဲအုပ်သန့်ဇော်ထွန်းက လူကုန်ကူးမှုအန္တရာယ်အကြောင်း သိကောင်းစရာများ၊ လူကုန်ကူးမှုဖြစ်စဉ်များနှင့် ပတ်သက်၍လည်းကောင်း၊ အမှတ်(၁၈) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ (ရှမ်းတောင်)မှ ဒုရဲအုပ်ကျော်ဇင်မိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများ၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း၊ တောင်ကြီးမြို့မရဲစခန်းမှူး ဒုရဲမှူး အောင်မိုးနိုင်က မှုခင်းကျဆင်းရေး ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍လည်းကောင်း အသီးသီးဆွေးနွေးဟောပြောခဲ့ကြသည်။

အလားတူ မွန်းလွဲ ၂ နာရီခွဲက တောင်ကြီးမြို့နယ်၊ ဖာမွန်းကျေးရွာအုပ်စု၊ ပန်သခွားကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း (ပန်သခွား)၌ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ ဦးဆောင်၍ မှုခင်းအသိပညာပေးဟောပြောပွဲ ကျင်းပရာ ဟောပြောပွဲတွင် အမှတ်(၁၅) လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ ရဲအုပ် သန့်ဇော်ထွန်းက လူကုန်ကူးမှုအန္တရာယ်အကြောင်း သိကောင်းစရာများ၊ လူကုန်ကူးမှုဖြစ်စဉ်များနှင့် ပတ်သက်၍ လည်းကောင်း၊ တောင်ကြီးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးနေမျိုးက မှုခင်းပိုင်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း၊ တောင်ကြီးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ရဲထွန်းသိန်းက လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ လည်းကောင်း၊ အမှတ် (၂၅) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ဒုရဲအုပ် ဇော်လွင်က မူးယစ်ဆေးဝါး အန္တရာယ် အကြောင်း သိကောင်းစရာများ၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများနှင့် ပတ်သက်၍လည်းကောင်း၊အမှတ် (၁၈) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ (ရှမ်းတောင်)မှ ဒုရဲအုပ် ကျော်ဇင်မိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများ၊ ယာဉ်အန္တရာယ် ကင်းရှင်းရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ လည်းကောင်း၊ တောင်ကြီးမြို့မရဲစခန်းမှူး ဒုရဲမှူး အောင်မိုးနိုင်က မှုခင်းကျဆင်း ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ လည်းကောင်း အသီးသီး ဆွေးနွေး ဟောပြောခဲ့ကြပြီးနောက် ကျောင်းဝန်းအတွင်း ခင်းကျင်းပြသထားသော မှုခင်းကျဆင်းရေး အသိပညာပေး ဗီနိုင်းဆိုင်းဘုတ်များ၊ မှုခင်းအသိပညာပေး ရွေ့လျားစာကြည့်တိုက်များကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၆၈)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လွိုင်လင်မြို့နယ်တွင် အိုက်စ်(မက်သ်အဖက်တမင်း)များ ဖမ်းဆီးရမိ



**လွိုင်လင် နိုဝင်ဘာ ၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၉ ရက် ညနေ ၃နာရီ ၄၅မိနစ်တွင် သက်သေများနှင့်အတူ လွိုင်လင်မြို့နယ်၊ ဟိုတင့်ကျေးရွာအနီး၊ လွိုင်လင်-တောင်ကြီးသွားကားလမ်းတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် စိုင်းဝမ်းဆိုင် ဆိုသူမောင်နှင်ပြီး မောင်မောင်လှ၊ ငြိမ်းခိုင်၊ စိုင်းထွန်းခေါင်နှင့် မချယ်ရီ ဆိုသူတို့လိုက်ပါလာသည့် TOYOTA CROWN အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၄င်းတို့ထံမှ အိုက်စ်(မက်သ်အဖက်တမင်း)အလေးချိန် ၆ကီလိုနှင့် လက်ကိုင်ဖုန်း ၃ လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းဝမ်းဆိုင်(၂၁)နှစ်၊ မောင်မောင်လှ (၄၃)နှစ်၊ ငြိမ်းခိုင်(၂၉)နှစ်၊ စိုင်းထွန်းခေါင်(၃၅)နှစ်နှင့် မချယ်ရီ (၃၀)နှစ် ဆိုသူတို့အား လွိုင်လင်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**တာချီလိတ် နိုဝင်ဘာ ၃**

အောက်တိုဘာ ၃၀ ရက် မွန်းလွဲ ၁နာရီ ၃၀မိနစ်က လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့၊ မကာဟိုခမ်းရပ်ကွက်တွင် လော်ဗျောင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၄င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ပြားအား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် လော်ဗျောင်(၄၂)နှစ်အား တာချီလိတ်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



## အောင်ပန်း-ဟဲဟိုးသွားလမ်းတွင် ရပ်ထားသည့် တွဲကားကို HiJet ကားက ဝင်တိုက်မှု ဖြစ်ပွား

**အောင်ပန်း နိုဝင်ဘာ ၃**

ရှမ်းပြည်နယ်တောင်ပိုင်း၊ အောင်ပန်း-ဟဲဟိုးသွားလမ်းတွင် နိုဝင်ဘာ ၁ရက်၊ ညနေ ၃နာရီခွဲဝန်းကျင်က ရပ်ထားသည့် တွဲကားကို HiJet ကားက ဝင်တိုက်၍ အမျိုးသမီးတစ်ဦးသေဆုံးမှု ဖြစ်ပွားခဲ့သည်။

အောင်ပန်း-ဟဲဟိုးသွားလမ်း၊ ပြည်ထောင်စုလမ်းမကြီး၊ အင်းခေါင်းဈေးအနီးလမ်းမှာ အောင်ပန်းမြို့နေ ဦး---- မောင်းလာသည့် HiJet ကားက ကားပျက်သဖြင့် ရပ်ထားသော ကျောက်မီးသွေး တင်ထားသည့် တွဲကားနောက်ကို ဝင်တိုက်မှုဖြစ်ပွားခဲ့ရာ အဆိုပါ ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါ ဒေါ်----(အောင်ပန်းမြို့)နေသူ အခင်းဖြစ်ပွားရာတွင် သေဆုံးခဲ့ပြီး အမျိုးသားတစ်ဦး၊ အမျိုးသမီးနှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

(ယာပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



# သစ်ရွက်မှသည် လျှပ်စစ်စွမ်းအင်ဆီသို့

လျှပ်စစ်ဝန်ထမ်းတစ်ဦး ဖြစ်နေ၍လားတော့ မသိပါ၊ လျှပ်စစ်နှင့်ပတ်သက်လာလျှင် အလွန်ပင် စိတ်ပါဝင်စားမိသည်။ (၂၄-၉-၂၀၂၄)နေ့ထုတ် South China Morning Post သတင်းစာတွင် လျှပ်စစ်ဆိုင်ရာ သတင်းတစ်ပုဒ် ပါရှိလာခဲ့ရာ အဆိုပါ သတင်းကို အလွန်စိတ်ဝင်စားမိသည်။ အဆိုပါသတင်းမှာ သစ်ရွက်များမှ လျှပ်စစ်ထုတ်လုပ်သည့် သတင်းဖြစ်သည်။ တရုတ်နိုင်ငံမှ ပညာရှင်များသည် ကမ္ဘာပေါ်ရှိ မည်သည့်သစ်ရွက်အမျိုးအစားကိုမဆို အသုံးပြု၍ လျှပ်စစ်စွမ်းအင်ကို ရရှိစေနိုင်သည့် နည်းလမ်းအား ချပြခဲ့သည်ဟု သတင်းတွင် ဖော်ပြပါရှိလာပါသည်။ အဆိုပါ သစ်ရွက်စွမ်းအင်သုံး ဂျင်နရေတာသည် လျှပ်စစ်ဓာတ်အားကွန်ရက်များကို ဖန်တီးအသုံးပြုနိုင်သည်ဟုလည်း ဖော်ပြထားပါသည်။ သို့ဖြစ်ရာ အစိမ်းရောင်စွမ်းအင်နည်းပညာများ တိုးတက်လာခြင်းအတွက် ဆန်းသစ်သော အမြင်သစ်တစ်ခုကို ရရှိလာစေခဲ့ပြီ ဖြစ်ပါသည်။


Google တွင် Leaf energy အား လေ့လာကြည့်မိခဲ့ရာ အောက်ပါအတိုင်း လျှပ်စစ်ထုတ်လုပ်နိုင်သည်ကို လေ့လာသိရှိခဲ့ရပါသည်။ သို့ဖြစ်ရာ အများလေ့လာသိရှိနိုင်ရန်အတွက် ထုတ်လုပ်ပုံနည်းလမ်းအကျဉ်းအား တင်ပြလိုပါသည်။ ထိုသို့လျှပ်စစ်ထုတ်လုပ်ခြင်းသည် မာကြောသော မျက်နှာပြင်နှင့်ရေ၏ ရွေ့လျားမှုကို မှီခိုနေသဖြင့် စဉ်ဆက်မပြတ် ရေရရှိရန် လိုအပ်သည်ဖြစ်ရာ မြစ် သို့မဟုတ် ဆည်များအနီးတွင် တည်ဆောက်ထုတ်လုပ်သင့်ကြောင်းကိုလည်း လေ့လာတွေ့ရှိရသည်။

သစ်ရွက်များပေါ်သို့ ကျရောက်သော ရောင်ခြည်လှိုင်းများ (နေရောင်ခြည်၊ အာကာသရောင်ခြည်နှင့် အလင်းပြန်ရောင်ခြည်ကဲ့သို့သော လှိုင်းတိုရောင်ခြည်လှိုင်းများနှင့် လေထုနှင့် တိမ်များကဲ့သို့ လှိုင်းရှည်ရောင်ခြည်လှိုင်းများ) ရိုက်ခတ်မှုအပေါ်တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းဖြစ်သည်။ အပင်တစ်ပင်သည် လှိုင်းတိုရောင်ခြည်လှိုင်း (၄၀)ရာခိုင်နှုန်းမှ (၈၀)ရာခိုင်နှုန်းအထိ စုပ်ယူနိုင်ပြီး လှိုင်းရှည်ရောင်ခြည်လှိုင်းများကို (၉၆)ရာခိုင်နှုန်းအထိ စုပ်ယူနိုင်စွမ်းရှိသည်။ သစ်ရွက်မှရေများ ပျောက်ဆုံးလျော့နည်းသွားစေရန် လိုအပ်ချက်သုံးမျိုးရှိသည်။ (၁)သစ်ရွက်မှ ရေရရှိခြင်း (၂)သစ်ရွက်ရှိရေမှ အငွေ့သို့ပြောင်းရန် စွမ်းအင်(အပူစွမ်းအင်) တစ်မျိုးလိုအပ်ခြင်း၊ (၃)အငွေ့၏ ဖိအားရရှိလာခြင်းတို့ဖြစ်သည်။ တစ်နည်းဆိုလျှင် ပိုက်တစ်ခုအတွင်း ရေကိုအပူပေး၍ အငွေ့ပျံစေပြီး အငွေ့၏ တွန်းကန်အားကို အသုံးပြုသည့် ရေနွေးငွေ့တာဘိုင် သဘောတရားနှင့် ခပ်ဆင်ဆင်ပင်ဖြစ်သည်။

သစ်ရွက်များမှ လျှပ်စစ်ထုတ်လုပ်နိုင်မှုသည် အဆိုပါ သစ်ရွက်၏ အရွယ်အစားနှင့် အငွေ့ပျံနိုင်ရန် ကာလ(စွမ်းအင်သုံးစွဲနေချိန်)ကြာမြင့်မှုများ အပေါ်တွင်လည်း များစွာတည်မှီနေသည်။ အမေရိကန်ပြည်ထောင်စုရှိ New Leaf energy ကုမ္ပဏီသည် သစ်ရွက်မှ လျှပ်စစ်ထုတ်လုပ်နိုင်ရေးအတွက် (၂၀၂၃)ခုနှစ်ကတည်းက စတင်ကြိုးပမ်းလျက်ရှိပြီး ပဏာမအနေဖြင့် One GW လျှပ်စစ်ဓာတ်အားပမာဏကို သစ်ပင်သစ်ရွက်များမှ ထုတ်လုပ်နိုင်ရန် စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီတစ်ခုဟု သိရှိရပါသည်။ သစ်ရွက်မှ လျှပ်စစ်ထုတ်လုပ်ခြင်း နည်းပညာရပ်သည် ဆိုလာနည်းပညာနှင့် သဘောတရား ခပ်ဆင်ဆင်ဖြစ်ပြီး နေရောင်ခြည်စွမ်းအင်နှင့် ရေတို့ကို အသုံးချ၍ နေရောင်ခြည်မှ အပူစွမ်းအင်ကို သွယ်ဝိုက်သောနည်းဖြင့် အသုံးချ၍ လျှပ်စစ်စွမ်းအင် ထွက်ရှိလာစေသော နည်းပညာအသစ်ဖြစ်သည်။

စွမ်းအင်မှာ အသွင်အမျိုးမျိုးဖြင့် တည်ရှိနေပြီး စွမ်းအင်အသွင်တစ်မျိုး ပျောက်ကွယ်သွားသော်လည်း တူညီစွမ်းအင်ပမာဏဖြင့် အခြားအသွင်သို့ ပြောင်းလဲသည်ဖြစ်ရာ အဆိုပါသဘောတရားကို စွမ်းအင်တည်မြဲမှု နိယာမဟုခေါ်သည်။ အပင်များအားလုံးတွင် စွမ်းအင်များရှိကြပါသည်။ ထင်သာမြင်သာသော ဥပမာအားဖြင့် ပြောရပါလျှင် နေ၏အလင်းနှင့်အပူကို စုဆောင်းကာ အပင်များမှ နှစ်ကာလကြာမြင့်သောအခါ ဖြစ်ပေါ်လာသော ကျောက်မီးသွေးကဲ့သို့ပင်ဖြစ်သည်။ အပင်မှန်သမျှတွင် နေအပူရှိန်စွမ်းအင်သည် အနည်းနှင့်အများ ပါရှိကြသည်ပင်ဖြစ်သည်။ ကျောက်မီးသွေးဖြစ်စေ၊ ထင်းမီးဖြစ်စေ မီးရှို့ခြင်းဖြင့် အပူစွမ်းအင်ထွက်ပေါ်လာစေပြီး ရေကို ရေနွေးငွေ့ဖြစ်ပေါ်စေကာ တွန်းကန်အားဖြင့် စက်စွမ်းအင်ကို ဖြစ်လာစေသည်။ ထိုသဘောတရားကို အခြေခံ၍လည်း အရွက်မှ အပူစွမ်းအင်ကို အငွေ့စွမ်းအင်အဖြစ်သို့ ပြောင်းလဲစေပြီး စက်စွမ်းအင်ဖြစ်လာအောင် ဖန်တီးရယူခြင်းဖြစ်သည်။ အပင်များသည် ဖိုတိုစမ်းသစစ် (ခေါ်) ကာဗွန်စုဆောင်းခြင်းကို ပြုလုပ်ရာတွင် ကလိုရိုဖီး၊ နေရောင်ခြည်၊ ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် ရေတို့ကို လိုအပ်ပြီး ကာဗွန်နှင့် အောက်ဆီဂျင်ကို ပြိုကွဲစေသည်။ လေထဲမှ အောက်ဆီဂျင်ကိုယူပြီး ကာဗွန်ဒိုင်အောက်ဆိုဒ်ကို ပြန်လည်ထုတ်လွှတ်သည်။ သကြားနှင့် ကစီဓာတ်တို့ကို ထုတ်လုပ်ရာတွင် ကာဗွန်၊ အောက်ဆီဂျင်နှင့် ဟိုက်ဒရိုဂျင်များကို ရရှိလာစေသည်။ အလင်းဖွဲ့စည်းချိန်တွင် ကာဗွန်ကိုသာသုံး၍ အောက်ဆီဂျင်နှင့် ဟိုက်ဒရိုဂျင်များကို လေထုအတွင်းသို့ ပြန်ထွက်သွားစေသည်။ သို့ဖြင့် စက်စွမ်းအင်အား ရရှိလာစေခြင်း ဖြစ်သည်။

ယခုအခါ ကျောက်မီးသွေး၊ ရေနံစသည့် တွင်းထွက်ရုပ်ကြွင်းလောင်စာများမှာ ကုန်ခန်းသွားနိုင်မည့် အခြေအနေနှင့် ကာဗွန်ထုတ်လွှတ်မှုများကြောင့် ကမ္ဘာကြီး ပိုမိုပူနွေးလာမည့် အခြေအနေများကြောင့် နေ၏စွမ်းအင်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ လျှပ်စစ်စွမ်းအင်အဖြစ် ပြောင်းလဲနိုင်ရန် ကြိုးပမ်းလျက်ရှိကြရာ သစ်ရွက်မှ လျှပ်စစ်ထုတ်လုပ်ခြင်းသည် နေ၏အပူစွမ်းအင်ကို သွယ်ဝိုက်သောနည်းဖြင့် လျှပ်စစ်စွမ်းအင်အဖြစ် ကူးပြောင်းပေးခြင်းပင် ဖြစ်သည်။





အချုပ်အားဖြင့်ဆိုသော် ယခုအခါ ယူရေနီယမ်နှင့် သိုရီယမ်ဒြပ်စင်မှ အက်တမ်၏ နျူကလီယပ်(ဗဟိုဆံ)တွင်း ခိုအောင်းလျက်ရှိသည့် စွမ်းအင်ကို ထုတ်ယူအသုံးချလာနိုင်ခဲ့ပြီဖြစ်သည်။ ထို့သို့အက်တမ်၏ နျူကလီယပ်မှ စွမ်းအင်ထုတ်ယူနိုင်မှုသည် အစသာရှိသေးသည်။ ကျန်ဒြပ်စင်တို့မှလည်း စွမ်းအင်ထုတ်လုပ်နိုင်ရန် ကြိုးစားတီထွင်လျက်ရှိပြီး ရေတစ်စက်၊ သဲတစ်ပွင့်၊ သစ်ရွက်တစ်ရွက်မှပင် စွမ်းအင်ကို လွယ်လင့်တကူ ထုတ်ယူနိုင်သော အချိန်ကာလသို့ ရောက်ရှိနိုင်ရန် အချိန်ကာလအားဖြင့် မဝေးကွာလှတော့ပါ။ ယခုအခါ သစ်ရွက်မှ လျှပ်စစ်ထုတ်လုပ်နိုင်ကြောင်း သတင်းပါရှိလာခြင်းသည် လျှပ်စစ်စွမ်းအင် လောကသားများအတွက် များစွာအကျိုးဖြစ်ထွန်းလာစေနိုင်ပြီး မျှော်လင့်ချက်ရောင်ခြည်များစွာကို ရရှိလာစေပါကြောင်း နည်းပညာသစ်အား ကြိုဆိုလျက် တင်ပြရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

မောင်မောင်စွယ်စုံထွန်း

# ကျန်းမာရေးရာ ထိပ်တန်းသုတများ

အာရုံကြောအဖွဲ့အစည်းနှင့် အားကောင်းစေမည့်အရာများ ဦးနှောက်နှင့် ကိုယ်ခန္ဓာအတွင်း သတင်းအချက်အလက်များကို သယ်ဆောင်ပေးသည့် အာရုံကြောများနှင့် ကလာပ်စည်းများ ကွန်ရက်အဖွဲ့ကို အာရုံကြောအဖွဲ့အစည်းဟု ခေါ်ဆိုသည်။




အာရုံကြောအဖွဲ့အစည်းတွင် အပိုင်း (၂)ပိုင်း ရှိသည်။ ဗဟိုအာရုံကြောအဖွဲ့နှင့် အစွန်အဖျားပိုင်း အာရုံကြောအဖွဲ့တို့ ဖြစ်သည်။ ဗဟိုအာရုံကြောအဖွဲ့တွင် ဦးနှောက်နှင့် ကျောရိုးမကြီး ပါဝင်သည်။ အစွန်အဖျားပိုင်းအဖွဲ့တွင် ကျောရိုးမကြီးနှင့် ခန္ဓာကိုယ်၏ ကျန်အစိတ်အပိုင်းများနှင့် ဆက်သွယ်နေသည့် အာရုံကြောများ ပါဝင်လျက်ရှိသည်။

အာရုံကြော၏ လုပ်ငန်းဆောင်တာများမှာ ဦးနှောက်ဖွံ့ဖြိုးကြီးထွားရေး၊ ခံစားချက်များကို ပြုလုပ်ပေးသည်။ ဥပမာ အထိအတွေ့၊ အကြားအာရုံ ခံစားခြင်းတို့ ဖြစ်သည်။

အတွေးနှင့်စိတ်လှုပ်ရှားခြင်းများ၊ သင်ယူလေ့လာခြင်း၊ မှတ်ဉာဏ်၊ လှုပ်ရှားမှု၊ ခန္ဓာကိုယ်ထိန်းခြင်း၊ တုံ့ပြန်ခြင်းများ၊ အိပ်စက်ခြင်း၊ အနာကျက်ခြင်း၊ ပြန်လည်နလံထူစေခြင်းတို့ကို ပြုလုပ်ပေးသည်။ နှလုံးခုန်ခြင်း၊ အသက်ရှူသွင်း၊ ရှူထုတ်ခြင်း၊ သွေးပေါင်ချိန် ထိန်းညှိပေးခြင်းတို့ကိုလည်း အာရုံကြောများက လုပ်ဆောင်ပေးသည်။

အသက်ရှင်နေထိုင်မှု အားလုံးလိုလိုတွင် အာရုံကြော၏ လုပ်ဆောင်ချက်များ ပါဝင်နေသည့်အတွက် အာရုံကြောများသည် လူတိုင်းအတွက် အရေးပါလှသည်။ အာရုံကြောများ ကျန်းမာစေရန် လိုအပ်ပါသည်။

အာရုံကြောများ ကျန်းမာစေရန်နှင့် ပျက်စီးသွားသည့် အာရုံကြောကလာပ်စည်းများ ပြန်ကောင်းစေရန် ဖြည့်စွမ်းပေးနိုင်သည့် သစ်သီးများ ရှိပါသည်။ ၄င်းတို့မှာ လိမ္မော်သီး၊ ဖရဲသီး၊ ဆီးသီးခြောက်၊ သလဲသီး၊ ထောပတ်သီးတို့ ဖြစ်ကြသည်။

လိမ္မော်သီးဆိုပါက စိတ်တို၊ စိတ်ဓာတ်ကျခြင်းများ လျော့ကျစေသည်။ ဉာဏ်ရည်ထက်မြက်စေသည့် စိတ်ဖိစီးမှုကို ပြေပျောက်စေသည်။

ဖရဲသီးသည် အာရုံကြောများအတွက် လိုအပ်သည့် ရေဓာတ်လုံလောက်စေရန် အထောက်အပံ့ ဖြစ်စေသည်။ ကိုယ်ခံအားစနစ် တိုးတက်ကောင်းမွန်စေသည်။

ဆီးသီးခြောက်သည် ဦးနှောက်၊ နှလုံး၊ အရိုးကျန်းမာရေးတို့ကို အထောက်အကူများစွာ ဖြစ်စေသည်။ စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်စိတ်များခြင်း၊ စိတ်တိုခြင်းတို့ကိုလည်း တားဆီးလျှော့ချပေးသည်။ ညဘက်ပိုင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်စေသည်။

သလဲသီးသည် မှတ်ဉာဏ်ကောင်းမွန်စေသည်။ ဦးနှောက်အတွင်း အောက်ဆီဂျင် ချို့တဲ့ခြင်းကို ကာကွယ်ပေးသည်။ ပျက်စီးမည့် ဦးနှောက်ကလာပ်စည်းများ ရှင်သန်ရေး လုပ်ပေးနိုင်စွမ်းရှိသည်။ ဦးနှောက်နှင့် ကိုယ်တွင်းရောင်ရမ်းခြင်းများကို တားဆီးဟန့်တားပေးသည်။

ထောပတ်သီးသည် ဦးနှောက်၏ လုပ်ငန်းများ ကောင်းမွန်စေသည်။ သက်ကြီးပိုင်း သတိမေ့တတ်ခြင်းနှင့် သူငယ်ပြန်ခြင်းများ ဖြစ်နိုင်ချေကို လျော့နည်းစေသည်။ အထူးသဖြင့် အာရုံကြောအဖွဲ့အစည်းကို ကာကွယ်ပေးနိုင်သည့် အစွမ်းသတ္တိရှိသည်။

မျိုးဦး

# စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြင့်တင်ရေးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ



**ဟိုပုံး နိုဝင်ဘာ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြင့်တင်ရေးပွဲတော်ကို အောက်တိုဘာ ၃၀ ရက် နံနက် ၉နာရီက ဟိုပုံးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ဘင်ခရာအဖွဲ့မှ နိုင်ငံတော်အလံကို အလေးပြုခြင်း၊ ဘင်ခရာအဖွဲ့နှင့် ပန်းပွားအဖွဲ့တို့မှ အာရှကျားတေးသီချင်းဖြင့် တင်ဆက်ဖျော်ဖြေသည်။

ထို့နောက် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြင့်တင်ရေးပွဲတော်ကို ကျင်းပခဲ့ရာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ပညာဘဏ်တိုက် စာကြည့်တိုက်သို့သွားကြစို့ သီချင်းဖြင့် ဖွင့်လှစ်ခဲ့ပြီး ဟိုပုံးတပ်နယ်မှူးက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြင့်တင်ရေးပွဲတော်ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့မှ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြင့်တင်ရေးပွဲတော်အတွက် ထောက်ပံ့ငွေကျပ် ၁၆ သိန်းအား ဒေသအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက ပေးအပ်ရာ ဒေသအဆင့်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်အိအိသန်းက လက်ခံရယူပြီး အမှတ်(၃)အခြေခံ ပညာမူလတန်းလွန်ကျောင်းမှ "အလှဆုံးပန်းများ ပွင့်ကြပြီ" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်သည်။

ထို့နောက် ဟိုပုံးတပ်နယ်မှူး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဉာဏစွမ်းရည်ပြိုင်ပွဲများဖြစ်သည့် အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ အလယ်တန်းအဆင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ၊ မြန်မာစကားပုံပြိုင်ပွဲ၊ အထွေထွေဗဟုသုတပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ မူလတန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ မူထက်အဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် မူအောက်အဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲ စသည့်ဖြင့် ဉာဏစွမ်းရည်ပြိုင်ပွဲ (၁၁)ပွဲ၊ ကာယစွမ်းရည်ပြိုင်ပွဲများဖြစ်သည့် ဆန်ကောရွက်၊ ခါးလှည့်၊ ဂုန်နီအိတ်စွပ်၊ မုန့်စား၊ ခုံဖိနပ်စီး၊ ကြိုးခုန်ပြေး၊ စကားပုံဆက်၊ အရုပ်ပေါက်နှင့် ရုပ်ပုံဆက် စသည့် ကာယစွမ်းရည်ပြိုင်ပွဲ ၉ ပွဲ၊ စာပေဟောပြောပွဲ၊ လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်တို့အား လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြင့်တင်ရေးပွဲတော် ဉာဏစွမ်းရည်ပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်ပေးအပ်ပွဲကို စာဖတ်ရှိန်မြင့်တင်ရေး မှတ်တမ်းဗီဒီယိုအား ပရိုဂျက်တာဖြင့် ပြသ၍ ဖွင့်လှစ်ခဲ့ပြီး ဟိုပုံးတပ်နယ်မှူး ဗိုလ်မှူးချုပ်သိန်းနိုင်က ထူးချွန်ဆုပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ထူးမြတ်အိမ် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက ရှမ်းတိုင်းရင်းသားရိုးရာ အကပဒေသာဖြင့် ဖျော်ဖြေတင်ဆက်သည်။ ဆက်လက်၍ ဟိုပုံးတပ်နယ်မှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရှမ်းပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူး ဦးစိုးညွှန့်ရွှေနှင့် တာဝန်ရှိသူများက စာပေဟောပြောပွဲတွင် ဟောပြောပေးသည့် စာပေပညာရှင်အား ဂုဏ်ပြုလက်ဆောင်များပေးအပ်ကာ ဉာဏစွမ်းရည်ပြိုင်ပွဲ ၁၁ ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆု အသီးသီးရရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူ ၄၄ ဦးတို့အား ထူးချွန်ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက ရွှေမိုး၊ ငွေမိုးရွာသွန်းဖြိုးသီချင်းဖြင့် ဖျော်ဖြေ၍ အခမ်းအနားအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**
**(၃၆၈)**

၀-၀-၀-၀-၀-၀-၀



## မီးသတ်တပ်ဖွဲ့မိသားစု စုပေါင်းဘုံကထိန်ကျင်းပမည့် ကျောင်းတိုက်အားကြည့်ရှု၊ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မန္တလေး နိုဝင်ဘာ ၃**

(၃၆)ကြိမ်မြောက် မန္တလေးမြို့၊ မီးသတ်တပ်ဖွဲ့မိသားစု စုပေါင်း မဟာဘုံကထိန်တော် ကျင်းပမည့် အမရပူရမြို့နယ် ပွဲတော်ကျောင်းတိုက်အား နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး၊ မီးသတ်ဦးစီးမှူးညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်း၊ မန္တလေးခရိုင်နှင့်မြို့နယ်မီးသတ်ဦးစီးမှူးများ သွားရောက်ကြည့်ရှုရာ အမရပူရမြို့နယ်မီးသတ်ဦးစီးမှူးက ကထိန်ခင်းကျင်းမည့်နေရာ၊ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများရေစက်ချလှူဒါန်း၍ နေ့ဆွမ်းဆက်ကပ်မည့်နေရာ၊ ဧည့်ပရိသတ်များ ဧည့်ခံကျွေးမွေးမည့်နေရာများအား လိုက်လံရှင်းလင်းပြသခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်သစ်သစ်လှိုင် ဦးဆောင်၍ အမျိုးသမီး မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များသည် အမရပူရမြို့နယ်ပွဲတော်ကျောင်းတိုက်အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**
**(၀၄၅)**

## မန္တလေးဈေးကွက်အတွင်း တစ်ပတ်ရစ် ဆိုင်ကယ်များအရောင်းအဝယ်ဖြစ်နေ

**မန္တလေး နိုဝင်ဘာ ၃**

မန္တလေးဆိုင်ကယ်ဈေးကွက်အတွင်း အသစ်ဆိုင်ကယ်များထက်တစ်ပတ်ရစ်ဆိုင်ကယ်များက ပိုမိုအရောင်းအဝယ်ဖြစ်နေကြောင်း ၁၁၀လမ်းနှင့် ၅၉လမ်းရှိ ဆိုင်ကယ်ဝယ်ရောင်းပြုလုပ်သူများထံက သိရသည်။

ဆိုင်ကယ်အသစ်ဈေးနှုန်းများမှာ ဈေးနှုန်းမြင့်မားနေခြင်းကြောင့် အသစ်ထက်ဈေးနှုန်းသက်သာသော တစ်ပတ်ရစ်ဆိုင်ကယ်များကို စီးနင်းလိုသူများက ဝယ်ယူမှု ပိုမိုပြုလုပ်လာခြင်းဖြစ်သည်။

"ဆိုင်ကယ်အသစ်နဲ့ အဟောင်းက ဈေးနှုန်းအားဖြင့် တော်တော်ကွာတယ်၊ ကိုယ်တတ်နိုင်တဲ့ပေါ်မူတည်ပြီးတော့လည်း ရွေးချယ်ဝယ်ယူလို့ရတဲ့အတွက် တစ်ပတ်ရစ်တွေကို ပိုမိုဝယ်ယူလာကြတာဖြစ်ပါတယ်၊ အသစ်ဈေးနှုန်းက အနည်းငယ်တော့ ကျနေတယ်" ဟု ဆိုင်ကယ်ဝယ်ရောင်းပြုလုပ်သူ ကိုနောင်က ပြောသည်။

ဈေးကွက်အတွင်း တရုတ်နိုင်ငံထုတ် ဆိုင်ကယ်အမျိုးအစားများထဲတွင် မော်ဒယ်နိမ့် ဘီးကောင်းသည့် ဆိုင်ကယ်အမျိုးအစားများနှင့် ထိုင်းနိုင်ငံထုတ်၂၀၁၇၊ ၂၀၁၉၊ ၂၀၂၀ မော်ဒယ်များ အရောင်းအဝယ်ဖြစ်နေကြောင်း၊ ထိုင်းနိုင်ငံထုတ်မော်ဒယ်မြင့် ဆိုင်ကယ်များမှာ အနည်းငယ်သာ အရောင်းအဝယ် ဖြစ်နေသည်။

"တရုတ်နိုင်ငံထုတ်ဆိုင်ကယ်အမျိုးအစားထဲက ခုရက်ပိုင်း ဆယ်သိန်းဝန်းကျင်လောက် အရောင်းအဝယ်ဖြစ်တယ်၊ ထိုင်းနိုင်ငံထုတ်ကတော့ ငွေကျပ်သိန်းလေးဆယ်အထက်ပိုင်းတွေ အရောင်းအဝယ်ဖြစ်နေတယ်၊ အရောင်းအဝယ်က တအားမသွက်ပေမယ့် ပုံမှန်တော့ဖြစ်နေပါတယ်" ဟု ဆိုင်ကယ်ဝယ်ရောင်းလုပ်ကိုင်သူ ကိုအောင်ကျော်က ပြောသည်။

လက်ရှိဈေးကွက်အတွင်း တရုတ်နိုင်ငံထုတ်ဆိုင်ကယ်များမှာ မော်ဒယ်အပေါ်မူတည်ကာ အင်ဂျင်ပါဝါ 110 များမှာ ငွေကျပ် ၁၀ သိန်းမှ ၁၈သိန်းခန့်၊ အင်ဂျင်ပါဝါ 125 များမှာ ငွေကျပ် ၁၅သိန်းမှ ၂၅သိန်းဝန်းကျင်၊ ထိုင်းနိုင်ငံထုတ်ဆိုင်ကယ်များမှာ စကိုဖီး ငွေကျပ်သိန်း ၄၀ မှ ၅၅သိန်း ၊ ကလစ်များမှာ ငွေကျပ် ၄၅သိန်းမှ သိန်း ၁၀၀ ဝန်းကျင်အထိ ဈေးနှုန်းရှိနေကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**



## ထောပတ်သီးရာသီစတင် ထိုင်းနိုင်ငံသို့ နယ်စပ်လမ်းကြောင်းမှ တင်ပို့နေ

ပြည်တွင်း၌ ထောပတ်သီးရာသီစတင်ပြီဖြစ်ပြီး ပြည်တွင်းဈေးကွက်သာမက ပြည်ပ အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူက ပြောသည်။

ထောပတ်သီးနှင့် ပတ်သက်၍ Hass ထောပတ်မျိုးများမှာ အောက်တိုဘာလလယ်ကတည်းက စတင်ထွက်ပေါ်နေပြီဖြစ်ပြီး အခြားမျိုးများမှာ ရာသီအလိုက် ထွက်ပေါ်နေပြီဖြစ်သည်ဟု ဆိုသည်။

"ထိုင်းဘက်ကို နယ်စပ်လမ်းကြောင်းကနေတင်ပို့တယ်။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဘက်က ထွက်ရှိတဲ့ အရည်အသွေးကောင်းတဲ့ Hass ထောပတ်သီး၊ ဘာကေးနီးယားထောပတ်သီး၊ Post -7 ထောပတ်သီးဆိုပြီး ၃ မျိုး တင်ပို့နေပါတယ်" ဟု ၎င်းက ပြောသည်။

စိုက်ပျိုးထွက်ရှိသည့် ထောပတ်သီးများကို ပြည်ပသာမက ပြည်တွင်းဈေးကွက်တွင်လည်း ဒေသအသီးသီးရှိ သစ်သီးပွဲရုံများမှလည်းကောင်း၊ အွန်လိုင်းမှလည်းကောင်း ရောင်းချလျက်ရှိရာ ယခုနှစ်တွင် ပြည်တွင်းထက် ပြည်ပဈေးကွက်ကို အားထားရမည့် အခြေအနေဖြစ်သည်ဟု ၎င်းက သုံးသပ်သည်။

"မြန်မာထောပတ်သီးက ပြည်ပဈေးကွက်မှာ ဝယ်လိုအားရှိနေပေမယ့် လိုသလောက်တင်ပို့နိုင်ဖို့က စိုက်ပျိုးဧကတိုးချဲ့ဖို့၊ အခြေခံအဆောက်အအုံတွေတည်ဆောက်ဖို့လိုပါတယ်။ ခုဆိုရင် ထောပတ်သီးတွေကို အေးခဲအနှစ်ပြုလုပ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်အနေနဲ့ မလေးရှားကို တင်ပို့ဖို့ ဆောင်ရွက်နေပါတယ်။ ဈေးနှုန်းညှိနှိုင်းဖို့ပဲ လိုတော့တယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

မြန်မာနိုင်ငံတွင်၂၀၁၉ ခုနှစ် စာရင်းများအရ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်သည့် စိုက်ဧက ၂၀၀၀၀ ကျော်ရှိ၍ ထောပတ်ရာသီတွင် တန်ချိန် ၈၀၀၀ ခန့် ထွက်ရှိခဲ့ကြောင်း၊ ယခုနှစ် တောင်ပေါ်ဒေသများတွင် မိုးများခြင်းနှင့် ပူပြင်းသည့် ရာသီဒဏ်ခံရသဖြင့် ထွက်ရှိမှုနှုန်းထားကျဆင်းခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

# ရွှေစက်တော်ဘုရားပွဲရာသီတွင် ဘေားမဲ့ဥယျာဉ်မှ ကြယ်လိပ်နှင့် ရွှေသမင်များ လာရောက်ကြည့်ရှုလေ့လာနိုင်

**မင်းဘူး နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော် ဘုရားကြီး၏ ဘုရားပွဲတော်ရာသီတွင် ရွှေစက်တော် တောရိုင်းတိရစ္ဆာန်နှင့် ဘေးမဲ့တောဥယျာဉ်မှ ကြယ်လိပ်နှင့် ရွှေသမင်ခြံများအား လာရောက်လည်ပတ်ပြီး ကြည့်ရှုလေ့လာနိုင်ကြောင်း ရွှေစက်တော်ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။



ရွှေစက်တော် တောရိုင်းတိရစ္ဆာန်နှင့် ဘေးမဲ့တောဥယျာဉ်တွင် ကြယ်လိပ်များ ခြံခတ်၍ မွေးမြူခြင်းကို ၂၀၀၄ ခုနှစ်မှစတင်ကာ သစ်တောဦးစီးဌာန၊ သားငှက်တိရစ္ဆာန်အဖွဲ့နှင့် လိပ်မျိုးရှင်သန်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး ရွှေသမင်များကို ၂၀၁၂ ခုနှစ်တွင် နေပြည်တော် ဆာဖာရီဥယျာဉ်နှင့် ပုဂံလောကနန္ဒာဥယျာဉ်များမှ အထီး ၅ ကောင်၊ အမ ၇ ကောင်ဖြင့် စတင်မွေးမြူထိန်းသိမ်းခဲ့ကြသည်။

"ကြယ်လိပ်တို့ ရွှေသမင်တို့ဆိုတာ ကမ္ဘာ့ရှားပါးမျိုးစိတ်စာရင်းဝင်တွေပါဗျာ။ မြန်မာ့ရွှေသမင်တွေ ဆိုရင်လည်း မြန်မာတစ်နိုင်ငံတည်းမှာသာရှိတဲ့ ဌာနေဖွား ဒေသရင်းမျိုးစိတ်များဖြစ်ပြီး ရှားပါးတဲ့အတွက် မျိုးသုဉ်း မျိုးဆက်မပြတ်စေရေး၊ ရွှေသမင်သားပေါက်များ တိုးပွားလာစေရေးတို့အတွက် အထူးဂရုစိုက် စောင့်ရှောက်ထားရပါတယ်။ ရွှေစက်တော် ဘုရားပွဲတော်ရာသီနှင့် ပွင့်လင်းရာသီများမှာ မင်းဘူးမြို့နယ်ထဲက အထင်ကရ နေရာများ လာရောက်လည်ပတ်တဲ့အခါ ရွှေစက်တော် ဘေးမဲ့တောဥယျာဉ်ထဲမှ ဒေသရင်းမျိုးစိတ်ဖြစ်တဲ့ မြန်မာ့ရွှေသမင်များ၊ ကြယ်လိပ်များကိုလည်း လာရောက်ကြည့်ရှုလေ့လာနိုင်ပါတယ်"ဟု ရွှေစက်တော်ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသိန်းလှိုင်က ပြောသည်။

ရွှေစက်တော် တောရိုင်းတိရစ္ဆာန်နှင့် ဘေးမဲ့တောဥယျာဉ်သည် ရွှေစက်တော် ဘုရားအဝင်သုံးမိုင်လမ်းရှိ လေ့တင်တံတားအနောက်ဘက်တွင် တည်ရှိပြီး ကြယ်လိပ်နှင့် ရွှေသမင်များ အပြင် နို့တိုက်သတ္တဝါမျိုးစုံ၊ ကုန်းနေ၊ ရေနေ သတ္တဝါမျိုးစုံနှင့် ငှက်မျိုးစိတ်များစွာရှိသည့် အပြင် ဆွေငှက်၊ နဖားကြိုးငှက်၊ မြန်မာဘီလုံးငှက်၊ ငှက်မင်းသား၊ ဗိုက်ဖြူငှက်များနေထိုင်ကျက်စားလျက်ရှိကြသော်လည်း အချို့မှာ မျိုးသုဉ်း ပျောက်ကွယ်နေပြီဖြစ်ကြောင်း ရွှေစက်တော်ဂေါပကအဖွဲ့ထံမှ သိရသည်။

(အပေါ်ပုံ)

(၅၀၄)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



# ယခုနှစ် မိုးသီးနှံရာသီက စိုက်ပျိုးခဲ့သည့် ပဲတီစိမ်းသီးနှံ ၂၀၅၉ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်

**ပွင့်ဖြူ နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းသီးနှံ ၂၀၅၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဒေသတွင်းစားနပ်ရိက္ခာဖူလုံပိုလျှံစေရန်နှင့် သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားရေးအတွက် ပဲတီစိမ်းသီးနှံ ၂၆၀၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း အဆိုပါစိုက်ပျိုးထားသော စိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၀၅၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်သည်။ (အပေါ်ပုံ)

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်မှာ မိုးပဲတီစိမ်းသီးနှံ ၆၂၈၃ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၆၀၄ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ယခု လက်ရှိမှာ တောင်သူတွေက မိုးပဲတီစိမ်းသီးနှံစိုက်ခင်းများကို ရိတ်သိမ်းနေကြပါတယ်။ ဒီနေ့ထိ ပဲတီစိမ်းစိုက်ဧက ၂၀၅၉ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ သီးနှံအထွက်နှုန်းအနေနဲ့ တစ်ဧကကို ၁၉ ဒသမ ၃၀ တင်း ထွက်ရှိပါတယ်။ ပဲတီစိမ်းစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး အထွက်နှုန်းကောင်းမွန်ရေး ဒေသနဲ့ ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးကြရန်၊ စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးကြရန်၊ စိုက်ပျိုးရေး သွင်းအားစုများ စနစ်တကျသုံးစွဲကြရန်နဲ့ ကိုယ်တိုင်မျိုးသန့်မျိုးစေ့ထုတ်လုပ်တာတွေ ဆောင်ရွက်သွားကြရန်စတဲ့ တောင်သူပညာပေးတာတွေကို ဆောင်ရွက်ထားပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ပြောသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မိုးပဲတီစိမ်းသီးနှံစိုက်ခင်းများ အထွက်နှုန်းကောင်းမွန်စေရေးနှင့် သီးနှံအရည်အသွေးများ ကောင်းမွန်စေရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများနှင့် အချိန်မီ သီးနှံရိတ်သိမ်းနည်းပညာပေးခြင်းများကို သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်းကာ ဒေသခံတောင်သူများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၄၅)

# ထုတ်လုပ်မှုအဆင့်များပြားခြင်းနှင့် ဝယ်ယူသူကျဆင်းလာခြင်းတို့ကြောင့် သစ်မွှေးစိုက်ပျိုးသူ နည်းပါးလာ

**မန္တလေး နိုဝင်ဘာ ၃**

မြန်မာနိုင်ငံအတွင်း စိုက်ပျိုးထုတ်လုပ်သော သစ်မွှေးအား ဝယ်ယူသူကျဆင်းလာခြင်းနှင့် ထုတ်လုပ်မှုအဆင့်များ များပြားခြင်းတို့ကြောင့် စိုက်ပျိုးသူအရေအတွက် တဖြည်းဖြည်းကျဆင်းလာကြောင်း သစ်မွှေးထုတ်လုပ်သူများအသင်းက သိရသည်။

သစ်မွှေးထုတ်လုပ်ရာတွင် အပင်အား နည်းစနစ်ပိုင်းဆိုင်ရာ၊ ပြုစုထိန်းသိမ်းမှုဆိုင်ရာအပါအဝင် အခြားသောအဆင့်များစွာကို လုပ်ဆောင်ရပြီးမှ ထုတ်လုပ်နိုင်ခြင်း၊ အရည်အသွေးပိုင်းဆိုင်ရာ အခက်အခဲများကြောင့် တင်ပို့နိုင်မှု မရှိခြင်းတို့ကြောင့် ယခုကဲ့သို့ ကျဆင်းလာခြင်း ဖြစ်သည်။



"စတင်စိုက်ပျိုးတဲ့ အချိန်ကနေ ထုတ်လုပ်တဲ့အချိန်အထိ အဆင့်တွေများတယ်၊ သစ်မွှေးထုတ်လုပ်ဖို့အတွက်လည်း အပင်ကို ဆေးသွင်းတာကစ နည်းပညာအသစ်တွေကို ထပ်မံပေါ်ထွက်နေတယ်၊ အဲဒါတွေကိုလိုက်လံလုပ်ဆောင်ဖို့လိုတယ်၊ အပင်ကိုပြုစုထိန်းသိမ်းမှု အဆင့်တွေကလည်း များတယ်၊ ဒါကြောင့် စိုက်ပျိုးထုတ်လုပ်သူ ကျဆင်းလာတာဖြစ်ပါတယ်"ဟု အသင်းက တာဝန်ရှိသူတစ်ဦးက ပြောသည်။

သစ်မွှေးစိုက်ပျိုးမှုမှာ ပထမအဆင့်အနေဖြင့် သစ်မွှေးပင်ကို စိုက်ပျိုးရပြီး လေးနှစ်ခန့်ကြာမြင့်လျှင် သစ်မွှေးပင်စည်အား ဆေးထိုးရကြောင်း၊ ထို့နောက် ဆေးထိုးထားသည့်နေရာမှ သစ်မွှေးအဆီများကို ထွက်ရှိလာကြောင်း၊ ထုတ်လုပ်၍ ထွက်ရှိလာသော အဆီများကို Grade(အဆင့်)သတ်မှတ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း Grade 3 အဆင့်အထိ အများဆုံးထုတ်လုပ်နိုင်ပြီး Grade 2 အဆင့်ကို အနည်းငယ်သာ ထုတ်လုပ်နိုင်သည်။ (ဓါတ်ပုံ)

"သစ်မွှေးအပင်က လေးနှစ်လောက်ကြာရင် ပင်စည်ကို ဆေးထိုးရတယ်၊ အဲဒီဆေးထိုးပြီး ပင်စည်ကထွက်လာတဲ့အဆီကို ရယူရတာဖြစ်ပါတယ်၊ အဆီထုတ်ပြီးသားအပင်ကိုလည်း အမြစ်ကိုပဲချန်ပြီး ခုတ်လှဲပစ်လိုက်ရပါတယ်၊ ကျန်တဲ့အမြစ်ကနေ အပင်ပြန်လည်ထွက်လာအောင် ပြန်စောင့်ပြီး နောက်ထပ် ထပ်ထုတ်လုပ်ရတာပါ၊ ပြည်တွင်းမှာကတော့ နည်းစနစ်ပိုင်းဆိုင်ရာ လိုအပ်ချက်တွေကြောင့် Grade ပြည့် ထုတ်လုပ်နိုင်ခြင်းမရှိသေးပါဘူး၊ အဲဒီအတွက် နည်းစနစ်တွေလည်း လိုအပ်နေပါတယ်" ဟု သစ်မွှေးစိုက်ပျိုးသူတစ်ဦးက ပြောသည်။

သစ်မွှေးအား ရေမွှေး၊ အလှကုန်၊ ကုလားအုတ်များ ရောဂါဖြစ်ပွားလျှင် ကုသပေးသည့် ဆေးအဖြစ်ထုတ်လုပ်ခြင်း၊ ရောဂါပိုးကာကွယ်ဆေးများထုတ်လုပ်ခြင်းတို့ကို လုပ်ဆောင်ကြကြောင်း သစ်မွှေးစိုက်ပျိုးထုတ်လုပ်တင်ပို့သူများက ပြောသည်။

မြန်မာနိုင်ငံအတွင်း သစ်မွှေးကို ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကလေး၊ တမူး၊ ဧရာဝတီတိုင်းဒေသကြီးစသည့် နေရာများတွင် စိုက်ပျိုးကြကြောင်း၊ ပြည်ပနိုင်ငံများကို တင်ပို့မှုအဖြစ် အရှေ့အလယ်ပိုင်းနိုင်ငံများနှင့် ဒူဘိုင်းတို့ကို အဓိကထားတင်ပို့ကြ ကြောင်းသိရသည်။

(မန္တလေးနေ့စဉ်-ဧ)



# ပဋ္ဌမအကြိမ် အမျိုးသားအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ရွေးချယ်လေ့ကျင့်နေသော လက်ဝှေ့အားကစားသမားများအား တွေ့ဆုံ

**မန္တလေး နိုဝင်ဘာ ၃**

ပဋ္ဌမအကြိမ်အမျိုးသားအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မန္တလေးတိုင်းဒေသကြီး လက်ဝှေ့အားကစားသမားများအား ရွေးချယ်၍ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိလက်ဝှေ့ကလပ်တွင် မန္တလေးတိုင်းဒေသကြီးလက်ဝှေ့နည်းပြများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) မှ လက်ဝှေ့နည်းစနစ်မှူးများက စခန်းသွင်း လေ့ကျင့်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် မန္တလေးတိုင်းဒေသကြီး လက်ဝှေ့ဆပ်ကော်မတီဥက္ကဋ္ဌတို့သည် နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်များမှ ထူးချွန်လက်ဝှေ့သမားများအား စခန်းသွင်းလေ့ကျင့်ပေးနေမှုများအား ကြည့်ရှု၍ လက်ဝှေ့အားကစားသမားများနှင့် တွေ့ဆုံကာ နိုင်ငံနှင့်တိုင်းဒေသကြီး ဂုဏ်ဆောင်အားကစားသမားကောင်းများဖြစ်စေရေး ကြိုးစားလေ့ကျင့်ယှဉ်ပြိုင်ရန် အားပေးစကား ပြောကြားခဲ့သည်။

မန္တလေးတိုင်းဒေသကြီး လက်ဝှေ့အသင်းသည် ပြည်နယ်နှင့်တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲများနှင့် စတုတ္ထအကြိမ်အမျိုးသားပြိုင်ပွဲများတွင် သက်တမ်းအလိုက် ရွှေတံဆိပ်၊ ငွေတံဆိပ်အများဆုံး ရယူပေးနိုင်ခဲ့ပြီးတိုင်းဂုဏ်ဆောင်ခဲ့သော အသင်းဖြစ်ကြောင်းနှင့် ပဋ္ဌမအကြိမ် အမျိုးသား အားကစားပွဲတွင် ဆုတံဆိပ်များ ရရှိရေး စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ) (ဝ၄၅)



# ပုထုဇနော

## သွယ်အောင်

ငယ်စဉ်ကျောင်းသားဘဝက ကြားသိနားထောင်ခဲ့ရသော ဘုရားစာလိုလို၊ ဆိုရိုးတစ်ဘောင်လိုလို၊ သိုက်စာလိုလို၊ အဆိုအမိန့်စကားပုံတစ်ခုကို ကောင်းကောင်းကြီးနားမလည်ခဲ့လေ။

ယင်းစာသားမှာ "ပုထုဇနော ဥမ္မတ္တကော" ဟူသော ပါဠိဘာသာဖြင့် ရေးထားသည့် စာသားဖြစ်သည်။

တတ်ကျွမ်းနားလည်သည့် ဆရာသမားများကို မေးကြည့်သောအခါ သူတို့၏အဖြေမှာ "လူတွေအားလုံးဟာ အရူးပဲ" ဟု သိရလေသည်။

ကျွန်တော်က ထိုအဖြေကို သိပ်ဘဝင်မကျ။ ဘယ်လိုလုပ်ပြီး လူတိုင်း အရူးဖြစ်ကုန်ကြတာလဲဟု တွေးတောဆင်ခြင်ကြည့်နေမိသည်။

နှစ်ပေါင်းအတော်ကြာပြီး ဘွဲ့တွေရ၊ အိမ်ထောင်ကျ၊ အလုပ်အကိုင်တွေရပြီးကာမှ ယင်းအဖြေကို ရိုးတိုးရိပ်တိတ် နားလည်ခဲ့ရသည်။

အတိအကျဆိုရသော် နှစ်ပေါင်း ၄၀ ကျော်ကြာပြီး ကျွန်တော်ငယ်စဉ်က နေထိုင်ရာ အရပ်ဒေသကို ပြန်ရောက်တော့မှ သိရသည်ဟု ဆိုရလျှင် မှန်ပါသည်။

* * * * * * * * * *

ကျွန်တော့် ဇာတိမြေကို မရောက်တာ အတော်ကြာပြီ။ ကြာဆို နှစ်ပေါင်း ၄၀ ကျော်ခဲ့ပြီ။ ဇာတိမြေဟု ဆိုရသော်လည်း အမှန်တော့ မြို့ကြီးတစ်မြို့ဖြစ်ပြီး ဘုရားကျောင်း၊ ဘုန်းကြီးကျောင်း၊ စေတီပုထိုးများ အလှူန်ပေါ်များသော ယဉ်ကျေးမှုအနုပညာ ထွန်းကားသော မြို့ဟုဆိုရလျှင် မမှားပေ။

ရှေးဘုရင်မင်းဆက်တို့ ထီးနန်းစိုက်ရာ ရှေးဟောင်းမြို့တစ်မြို့လည်းဖြစ်ကာ ရှေးဟောင်းအဆောက်အအုံ၊ သာသနိက အဆောက်အအုံများ၊ ရေဆေးနံရံပန်းချီများ ယနေ့တိုင် ကြည့်ရှုခံစားနိုင်သည်။

စာအုပ်များ၊ ရုပ်ရှင်များတွင် တွေ့မြင်ရသော ကျုံး၊ မြို့ရိုး၊ ပြအိုး၊ ပြာသာဒ်၊ မုခ်တံခါး၊ သူရဲရုပ်၊ မျှော်စင်၊ ပလ္လင်၊ မှန်နန်းဆောင် အစရှိသည်တို့ကို အုံသြရန်ခုန်ဖွယ် တွေ့မြင်ရမည်ဖြစ်သည်။

ကျွန်တော့်မှာ ဇာတိမြို့နှင့်ကင်းကွာ၍ တောင်ပေါ်မြို့ကလေးတစ်မြို့တွင် အင်္ဂလိပ်စာသင်ရသော ကျောင်းဆရာတစ်ယောက်အဖြစ် နှစ်ပေါင်းများစွာ အနေကြာခဲ့ရသည်။ ထို့ကြောင့် မရောက်တာကြာပြီဖြစ်သော ကျွန်တော့်မြို့ကို ပြန်လည်ခြေချမိသည်နှင့် မြို့၏ရနံ့အသစ်ကို စတင်ခံစားရတော့သည်။

မြို့သည် အရင်လို ဆိတ်ငြိမ်အေးချမ်းမှု မရှိဘဲ ရှုပ်ထွေးဆူညံလို့ နေသည်။ မြို့က ကျွန်တော့်အား သူစိမ်းတစ်ယောက်အဖြစ် ဆက်ဆံသလို ခံစားနေရသည်။

မျဉ်းဖြောင့်လမ်းများ၊ စတုရန်းလေးထောင့်အကွက်ကျကျ ပုံဖော်ထားသောရပ်ကွက်အချို့ကို တွေ့မြင်နေရသေးသည်။ သစ်ပင်စိမ်းစိမ်းအုပ်အုပ်ဆိုင်းဆိုင်းတို့ကို မတွေ့မမြင်ရတော့ချေ။ တစ်ထပ် အိမ်၊ နှစ်ထပ်အိမ်လေးများနေရာတွင် အထပ်မြင့် အဆောက်အအုံများ အစားထိုး ဝင်ရောက်လာသည်။ ဈေးများလည်း ပြောင်းလဲကာ မြို့သည် အရပ်ရှည်ထွက်လာကာ ကွန်ကရစ်တောအဖြစ် စိတ်ကြီးဝင်လျက် ရှိနေသည်။

နှစ်ပေါင်း ၄၀ အတွင်း ပြောင်းလဲသွားသော မြို့အနေအထားကိုငေးမောရင်း ကျွန်တော်နေထိုင်ခဲ့ရာ ရပ်ကွက်လေးဆီသို့ ခြေဦးလှည့်မိသည်။ ကျွန်တော်နေထိုင်ရာ အိမ်ဘေးတွင် ရှေးဟောင်းဘုရားဝိုင်းကြီး ရှိသည်။ ဘုရားဝိုင်းကြီးမှာ ရပ်ကွက်တစ်ရပ်ကွက်နီးပါး တစ်ပြပြတ်လည်ခန့် ကျယ်ဝန်း၏။

ငယ်စဉ်ကလေးဘဝ မူလတန်းကျောင်းသားအရွယ် ထိုဘုရားဝန်းကြီးထဲမှာ ဆော့ကစားရင်းကြီးပြင်းခဲ့ရသည်။ ထိုစဉ်က ဘုရားဝိုင်းကြီးမှာ ဘုရားပြို၊ ဘုရားပျက်များ၊ သစ်ပင်ချုံနွယ်များဖြင့် ရှုပ်ထွေးနေသည်။ ဝိုင်းကြီးအလယ်တွင် ဉာဏ်တော်အလွန်မြင့်မားသော စေတီကြီးတစ်ဆူရှိပြီး ယင်းစေတီကြီးနှင့်တွဲလျက် အနုပညာလက်ရာများဖြင့် ထုံမွမ်းထားသည့် ဘုံအဆင့်ဆင့်ပါရှိသော ကျွန်းသစ်သား ပြာသာဒ်အဆောက်အအုံလည်း ရှိသည်။

ထိုအဆောက်အအုံထဲတွင် အဝတ်အစား ဖရိုဖရဲနှင့် လူတစ်ဦးကို အမြဲတွေ့ရသည်။ ထိုလူမှာ ကျောင်းဝိုင်းထဲမှာနေ၊ ကျောင်းဝိုင်းထဲမှ အိပ်၊ ကျောင်းဝိုင်းထဲမှာ တစ်ယောက်ထဲနေထိုင်သူ ဖြစ်သည်။ အိမ်ကမိဘများက ထိုဘုရားဝိုင်းထဲသွားတာ မကြိုက်။

"ဟဲ့ ---ကလေးတွေ ဘုရားဝိုင်းထဲ မသွားကြနဲ့နော်၊ အရူးဘသိန်း ရှိတယ်"

မိဘတွေက ဘယ်လောက်ပြောပြော ကျွန်တော်တို့ကလေးတစ်သိုက်က ကျောင်းပိတ်ရက် စနေ၊ တနင်္ဂနွေနေ့များတွင် ဘုရားဝိုင်းထဲသွားကာ ဆော့ကစားနေကြစမြဲ။ မိဘများပြောသည့် အရူးဘသိန်း ဆိုသည့်လူကြီးနှင့်ပင် ရင်းနှီးနေကြပါပြီ။

တစ်ခုတော့ရှိသည်။ ထိုဦးဘသိန်းဆိုသည့်လူကိုသွားပြီး "အရူး၊ ရူး၊ အရူးကြီး" ဟု စနောက်ကြလျှင်တော့ ထိုလူက ခဲနှင့်လှမ်းထုသည်။ တုတ်နှင့်လိုက်ရိုက်သည်။ ထိုအခါ သူ့အနား ဘယ်သူမှ မကပ်ရဲကြပေ။

သူစိတ်ကောင်းဝင်ပြီး စိတ်ကြည်တဲ့အခါ ကျွန်တော်တို့ ကလေးတစ်သိုက်ကို အင်္ဂလိပ်စာသင်ပေးလေ့ရှိသည်။အင်္ဂလိပ်အသံထွက် မှန်အောင်ရွတ်ပြပေးသည်။

မကြာမီရက်ပိုင်းက ဒေသတာဝန်ရှိသူတွေက အနေမဲ့၊ အခြေအနေမဲ့များနှင့် လေ့လွင့်သူတွေ ရှင်းလင်းမည်ဟုဆိုပြီး ဦးဘသိန်းကို လာခေါ်သွားသည်။ ထိုနေ့မှစ၍ နောက်ပိုင်း ဦးဘသိန်းအကြောင်း ဘာမှ မကြားသိရတော့ပေ။

* * * * * * * * * *

အတွေးစကိုဖြတ်၍ ဘုရားဝိုင်းထဲ မျက်စေ့ဝေ့ကြည့်မိသည်။ ဘုရားဝိုင်းကြီးမှာ များစွာပြောင်းလဲသွားခဲ့ပြီ။ဘုံအဆင့်ဆင့်နှင့် ရှေးဟောင်းကျွန်းသစ်သားပြာသာဒ် အဆောက်အအုံကြီးမှာ (RC)အာစီအုတ်တိုက် ဖြစ်သွားသည်။

ငယ်စဉ်က ရင်းနှီးခဲ့ရသည့် ဘုရားဝိုင်းထဲက ဦးဘသိန်းဆိုသည့်လူကြီး သက်ရှိထင်ရှား ရှိဦးမလားဟူသောအနေဖြင့် ထိုလူကြီးကို ဘုရားဝိုင်းထဲ လိုက်ရှာကြည့်မိသည်။

ငယ်စဉ်ကျောင်းသားဘဝ ကျွန်တော့်အား ပေးဖတ်ခဲ့သော ထိုလူကြီး၏စာအုပ် ပြန်ပေးရန် လိုက်ရှာကြည့်မိခြင်းလည်း ဖြစ်သည်။ ကျွန်တော့်လက်ထဲမှာတော့ မင်းအနက်ဖြင့်(ဘသိန်း-B.A English)အမည်ရေးထိုးထားသည့် အင်္ဂလိပ်အဘိဓာန်စာအုပ်ဟောင်းတစ်အုပ်ကို ဆုပ်ကိုင်ကာ ကျောက်ရုပ်လို ငူငူကြီး ရပ်နေမိသည်။

ငယ်စဉ်က အရူးဦးဘသိန်းဟု သိခဲ့ရသော ကျွန်တော်တို့၏ ကစားဖော် ကစားဘက်လည်းဖြစ်၊ စဖော် စဘက်လည်းဖြစ်၊ အင်္ဂလိပ်စာ သင်ကြားပေးခဲ့သော ဆရာလည်းဖြစ်သည့် ဘုရားကျောင်းဝိုင်းထဲက လူကြီးတစ်ဦးကို ပြန်လည်တွေ့လိမ့်နိုးဟု ထင်မြင်ယူဆချက်ဖြင့် စွဲလမ်းရူးသွပ်စွာ လိုက်ရှာနေမိသော ကျွန်တော့်အဖြစ်ကို ကျွန်တော်ပြန်တွေးမိပြီး ကဗျာဆရာ မောင်စိန်ဝင်း(ပုတီးကုန်း)၏ "ပုထုဇနော" ကဗျာလေးက ကျွန်တော့်ရင်ထဲကို တိုးဝှေ့ဝင်ရောက်လာတော့သည်။

**ပုထုဇနော**

* ကြာတစ်ဖူးအတွက်
ငါးရူးမက်စွာ
ရေနက်ထဲကို ဆင်းဖူးတယ်။

* ကြာနံ့သင်းထုံ
ရနေရုံမျှ
ရင်ခုန်ကြည်နူး
ရေကန်ဦးမှာ
လေရူးဝှေ့ချိန် မျှော်တုန်းကွယ်။ ။

**မောင်စိန်ဝင်း(ပုတီးကုန်း)**

သြော် ..... ကျွန်တော်တို့ အားလုံး "ပုထုဇနော ....ဥမ္မတ္တကော ....." ပါပဲလား။ ။

# ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဖွင့်လှစ်၊ ကြက်ခြေနီအသင်းအကြောင်းသိကောင်းစရာများ ဟောပြော



**မန္တလေး နိုဝင်ဘာ ၃**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တွင် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဖွင့်ပွဲနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းအကြောင်းသိကောင်းစရာ ဟောပြောပွဲကို နိုဝင်ဘာ ၂ ရက်က အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် သင်တန်းခန်းမတွင် ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး၊ တိုင်းကြက်ခြေနီတပ်ဖွဲ့မှူး ဦးကျော်ကျော်က မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဖွဲ့စည်းပုံနှင့် ရည်ရွယ်ချက်များ၊ ထိခိုက်ဒဏ်ရာ ရှေးဦးပြုစုနည်းများ၊ လူနာဆန်းစစ်ခြင်း ဘာသာရပ်များအား စာတွေ့၊ လက်တွေ့ပုံစံငယ်များဖြင့် သင်ကြားပို့ချပေးသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ဆွမ်းစားဆောင်တွင် စာသင်သား သံဃာတော်များအား မန္တလေးတိုင်းဒေသကြီး၊ ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၀၄၅)

# ရှာငံမြို့ ပြည်သူ့ဆေးရုံတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ရှာငံ နိုဝင်ဘာ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှာငံမြို့နယ်တွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို နိုဝင်ဘာ ၂ ရက် နံနက် ၇ နာရီက ပြည်သူ့ဆေးရုံဝင်းအတွင်း၊ အပြင်တို့၌ ဆောင်ရွက်ခဲ့သည်။ **(ယာပုံ)**

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏လမ်းညွှန်မှုဖြင့် ရှာငံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦး ဦးဆောင်ကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ ပြည်သူ့ဆေးရုံ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။

သန့်ရှင်းရေးလုပ်ငန်းများကို ပြည်သူ့ဆေးရုံဝင်း အတွင်း၊ အပြင်များ၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေမြောင်းများ ရှင်းလင်းခြင်း၊ အဆောက်အအုံများနှင့် ငြိနေသည့်သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများအား



မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **(၃၃၈)**

# ဆောင်းမြေပဲစိုက်ခင်းအတွင်း ကျောက်မှုန့်မြေဩဇာ(ဂျစ်ပ်ဆမ်) ထည့်သွင်းအသုံးပြုခြင်း ကွင်းသရုပ်ပြ



**ကျွန်းလှ နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းစေရန်အတွက် ကျောက်မှုန့်မြေဩဇာ(ဂျစ်ပ်ဆမ်)ထည့်သွင်းအသုံးပြုခြင်း ကွင်းသရုပ်ပြပွဲကို ယမန်နေ့ နံနက် ၇ နာရီက ရှမ်းစုကျေးရွာ၊ ကွင်းအမှတ် ၄၉၆၊ တောင်သူ ဒေါ်မာမာအေး၏ မြေပဲစိုက်ခင်း ၃ ဧက၌ ကျင်းပသည်။

ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက မြေပဲစိုက်ခင်းများအတွင်း ကျောက်မှုန့်မြေဩဇာထည့်သွင်းခြင်းဖြင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ခြင်း၊ အထွက်နှုန်းကောင်းခြင်း၊ မြေပဲအတောင့်ကြီးထွားပြီး အစေ့အဆန်ပြည့်တင်းခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးဆိုင်ရာအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ ကျွန်းလှမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးတင့်ထူး၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ တက်ရောက်ကြပြီး အကျိုးဆောင်တောင်သူများအား ကျောက်မှုန့်မြေဩဇာ (ဂျစ်ပ်ဆမ်) ထောက်ပံ့ပေးအပ်ခဲ့သည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ်၊ ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၃၈၉၆ ဧက စိုက်ပျိုးရန်လျာထားပြီး လက်ရှိအချိန်အထိ ဧက ၉၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၈၀)**

*-*-*-*-*




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ဗလငါးတန် ပြည့်ဝစေမှန်

* ဘဝခဏ၊ နေစဉ်မျှတွင်
လောဘအပူ၊ တွယ်ယှက်သူကို
မျှထုကူနှင်း၊ ဖေးမခင်းလည်း
စိတ်ရင်းဘယ်ခါ၊ မပျောက်ရာမို့
ပညာဉာဏ်အား၊ လွဲလျော်သွားကာ
မနားစိတ်နေ၊ သိဉာဏ်ထွေလို့
ပေးဝေအပ်နှင်း၊ မေတ္တာသင်းလည်း
ကောင်းခြင်းဘယ်ခါ၊ မရောက်ရာတည်း။

* ခဏရောင်လင့်၊ လူဖြစ်ခွင့်တွင်
မှန်ချင့်စိတ်နေ၊ များသူဝေ၍
မှားတွေဖျောက်ဖျက်၊ တတ်သိထက်ဖို့
မှန်းဆက်လှမ်းစွာ၊ ကြောင်းကျိုးလွှာကို
သတိပေးဆပ်၊ အိတ်သို့လုပ်သို့
သွန်အပ်ကျင့်စေ၊ စိတ်အထွေတို့
မသွေသိတတ်၊ မျိုးဂုဏ်မြတ်ဖို့
ချင့်အပ်မှန်စွာ၊ ကြီးမြတ်ရာတည်း။

* အမိအဘ၊ အနန္တနှင့်
မိတ္တ သဟာ၊ ညီညွတ်စွာဖြင့်
ကောင်းရာဆောင်ပြု၊ ကမ်းလက်စုလို့
ဆစ်ထုရည်မှန်း၊ ဦးဆောင်မြန်း၍
ပေးကမ်းကြင်နာ၊ ဖေးမကာဖြင့်
အလွှာမခြား၊ တန်ဖိုးထားကာ
ဉာဏ်အားလင်းစေ၊ ညွှန်ပြပေမို့
ပေးဝေပြုရာ၊ ကောင်းခြင်းဖြာတည်း။

* အို ----- လူငယ်များတို့
သင်လျှောက်လှမ်းခါ၊ လူ့ဘုံရွာတွင်
ဉာဏ်ဖြာကတုတ်၊ ခံတပ်လုပ်၍
ကိုယ်နှုတ်ချိုလှ၊ နေထိုင်ကြလို့
ဗလငါးတန်၊ စိတ်ရည်မှန်းကာ
ကျင့်ကြံဉာဏ်ကြွယ်၊ တတ်သိထည်လို့
မြတ်သွယ်စိတ်ထား၊ ကောင်းခြင်းအားဖြင့်
အများအကျိုး၊ ရွက်သယ်ပိုးနော်
အမျိုးဂုဏ်လွှာ၊ ဖြည့်ဆည်းရာတည်း။ ။

**မင်းမြတ်မိုး(မန်းမြေ)**

# သတင်းပဒေသာ

## သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၌ သီတင်းသုံးတော်မူသော သံဃာတော်များ ဆွမ်းအခက်အခဲမရှိစေရေးအတွက် လစဉ်တစ်ဆုပ်ဆန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းလျက်ရှိရာ (၃၃) ကြိမ်မြောက် ဆက်ကပ် လှူဒါန်းခြင်းကို ယမန်နေ့ နံနက် ၉ နာရီက နမ့်လောက်ကျေးရွာအုပ်စု၊ ဆုတောင်းပြည့်ဓါတ်စွမ်တောက်ကမ္မဋ္ဌာန်းကျောင်းတိုက်၌ ဆက်ကပ်လှူဒါန်းခဲ့သည်။ အလှူရှင်များက ဆွမ်းဆန် ၂၄ ပြည်ပါ ၇ အိတ်၊ စားဆီ ၁၀ ပိဿာနှင့် နဝကမ္မအလှူငွေကျပ် ၁၀၅၀၀၀ တို့အား ဆက်ကပ်လှူဒါန်းခဲ့ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ချင်းပြည်နယ်၊ တီးတိန်ခရိုင်၊ တီးတိန်မြို့၌ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း လမ်း၊ ဘေးဝဲယာရှိ ချုံနွယ်များကို ယမန်နေ့ နံနက် ၉ နာရီက ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးဝင်းသန်းနှင့်အဖွဲ့ဝင်များက ဦးဆောင်ပြီး ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပြည်သူ့စာကြည့်တိုက်ခန်းမတွင် စာဖတ်ဝိုင်း ကျင်းပ

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းတစ်ရပ်အဖြစ် စာရေးသူ ဒေါက်တာခင်မောင်ညို ရေးသားသော "လူငယ်နှင့်အကောင်းဆုံးသောဘဝကို တည်ဆောက်ခြင်း" စာအုပ်ဖြင့် စာဖတ်ဝိုင်းကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့စာကြည့်တိုက်ခန်းမတွင် ကျင်းပရာ ပြည်သူ့စာကြည့်တိုက်၏ Book Club , Youth Club, Women Club အဖွဲ့ဝင်များနှင့် စာချစ်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ အခြေခံပညာအလယ်တန်းကျောင်း (နမ့်တိန်း)နှင့် အခြေခံပညာမူလတန်းကျောင်း(လွိုင်နွဲ့)ကျောင်းများသို့ ယမန်နေ့ နံနက် ၁၀ နာရီက ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ကျင်းပ

ကျောင်းသား၊ ကျောင်းသူများအား စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ယမန်နေ့ မွန်းလွဲ ၁နာရီက နန်းသဲကျေးရွာရှိ အမှတ်(၈)အခြေခံပညာမူလတန်းကျောင်း၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မဟာမုနိဘုရားကြီး(၃၅)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲအတွက် ငွေလှူဒါန်း

**မန္တလေး နိုဝင်ဘာ ၃**

မန္တလေး၊ မဟာမုနိဘုရားကြီး(၃၅)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲကို တန်ဆောင်မုန်းလဆန်း ၁၄ ရက်တွင် စင်တော်များဖြင့် ရက်လုပ်မည်ဖြစ်ပြီး တန်ဆောင်မုန်းလပြည့်နေ့ နံနက်အရုဏ်ဦးတွင် မဟာမုနိဘုရားကြီးအား ကပ်လှူမည် ဖြစ်သည်။



မဟာမုနိဘုရားကြီး(၃၅)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲအတွက် နိုဝင်ဘာ ၂ ရက်က စနေပဋ္ဌာန်းအသင်းမိသားစုမှ ငွေကျပ် ၁၅၀၀၀၀ လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

မဟာမုနိဘုရားကြီးသို့ ရွှေသင်္ကန်းကပ်လှူရန်၊ ဘက်စုံပြုပြင်ရန်၊ ကျောင်းတော်ရွှေချရန်၊ ဓာတ်မီးတော်ပူဇော်ရန်၊ ငွေပဒေသာပင်စိုက်ထူရန် အလှူငွေလှူဒါန်းလိုသော အလှူရှင်များအနေဖြင့် KBZBankငွေစာရင်းအမှတ် ၀၈၇၃၀၂၀၆၁၀၀၄၄၉၁၀၁နှင့် UAB ဘဏ်ငွေစာရင်းအမှတ်၀၁၇၁၃၀၁၀၀၀၁၂၂၅၉နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် ၀၁၇၀၁၂၁၀၀၀၀၀၇၅၀နှင့်ဖုန်း ၀၉-၄၄၄၀၄၄၄၇၅၊၀၉-၄၀၂၅၉၉၉၃၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ဝဲပုံ)

(၀၄၅)

# မဟာမြိုင်ဝန်ထမ်းအိမ်ရာ မိသားစု (၁၀၃)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး နိုဝင်ဘာ ၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆ လမ်း၊ ၆၈လမ်းနှင့်လမ်း၇၀ကြားတွင်နေထိုင်သည့် ဝန်ထမ်းမိသားစုများမှစုပေါင်း၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း လေးပြင်လေးရပ်မှကြွရောက် အလှူခံတော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူကုသိုလ်ပြုကြသည်။ **(ယာပုံ)**

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ယနေ့နံနက်ပိုင်းက (၁၀၃)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ငါးဖယ်ခရမ်းသီးနှပ်၊ သံပုရာသီးကုလားတယ်တို့ကို ၃၆ လမ်းနှင့် ၆၉လမ်းထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော် ၂၅၀ ကျော်တို့အား နံနက် ၅ နာရီခွဲမှစတင် လောင်းလှူကြည်ညိုခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော်များအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**



# ဟိုပုံးမြို့၌ (စတုတ္ထအကြိမ်မြောက်) မြန်မာနိုင်ငံလုံးဆိုင်ရာ နာဂပုရသာသနာလင်္ကာရ သာမဏေကျော် စာပြေပွဲ ကျင်းပ

**ဟိုပုံး နိုဝင်ဘာ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်တွင် နာဂပုရသာသနာလင်္ကာရအသင်းမှ ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ (စတုတ္ထအကြိမ်မြောက်)နာဂပုရသာသနာလင်္ကာရသာမဏေကျော်စာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁ ရက် နံနက် ၁၀ နာရီက နောင်တောင်း ပရဟိတတပ်ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ကျင်းပခဲ့သည်။

အခမ်းအနားကို နမောတဿ အစချီသော ဗုဒ္ဓဝန္ဒနာဂါထာတော်ဖြင့် အခမ်းအနားဖွင့်လှစ်ပြီးနောက် တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်း ဒုတိယကျောင်းအုပ်ကြီးနှင့် အရာရှိကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးခွန်လှသိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ဩကာသကန်တော့ချီးဖြင့် ရှိခိုးကန်တော့၍ တောင်ကြီးမြို့ အေးစေတီ ဆရာတော် ဘဒ္ဒန္တလက္ခဏာသာမိထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး နာဂပုရသာသနာလင်္ကာရသာမဏေကျော်စာမေးပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နောင်တောင်း ပရဟိတ တပ်ဦးဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆရာတော်မှ ကြိုဆိုနှုတ်ဆက်စကားမြွက်ကြားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်ဦးခွန်လှသိန်းက သာသနာတော်ဆိုင်ရာ လျှောက်ထားပြီး တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်းဒုတိယကျောင်းအုပ်ကြီးနှင့် အရာရှိကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးခွန်လှသိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ပြည်သူများက ဗုဒ္ဓသာသနံ့စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားပြီးမြောက်ခဲ့သည်။



ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ ဟိုပုံးတပ်နယ်မှူး ဗိုလ်မှူးချုပ် သိန်းနိုင်နှင့် အရာရှိကြီးများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ (စတုတ္ထအကြိမ်မြောက်) နာဂပုရသာသနာလင်္ကာရသာမဏေကျော် စာမေးပွဲတွင် ရဟန်း၊ သာမဏေ၊ သီလရှင်များ ဖြေဆိုနေမှုအား ဖူးမြော်ကြည်ညိုခဲ့သည်။

အဆိုပါ မြန်မာနိုင်ငံလုံးဆိုင်ရာ (စတုတ္ထအကြိမ်မြောက်) နာဂပုရသာသနာလင်္ကာရသာမဏေကျော်စာမေးပွဲတွင် ဥပစာတန်း ရဟန်း၊ သာမဏေ၊ သီလရှင် ၇၄ ပါး၊ မူလတန်း ရဟန်း၊ သာမဏေ၊ သီလရှင် ၂၉၀ ပါး၊ ပထမအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၁၃၅၃ ပါး၊ ဒုတိယအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၄၇၄ ပါး၊ တတိယအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၂၉၆ ပါး စုစုပေါင်း ရဟန်း၊ သာမဏေ၊ သီလရှင် ၂၄၈၇ ပါး ဝင်ရောက်ဖြေဆိုခဲ့ကြပြီး အဆိုပါ စာမေးပွဲကို နိုဝင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ရပ်နီး၊ ရပ်ဝေးမှဒေသခံပြည်သူများလည်း အလှူငွေများ ဆက်ကပ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ဝဲပုံ) (၃၆၈)

# မြန်မာ့တန်ဆောင်တိုင်ပွဲတော် ရိုးရာမပျက် ဆင်နွှဲပျော်

ခိုင်ခန့်(အမရပူရ)



**တန်ဆောင်မုန်းလသည် မြန်မာတို့၏ ၈ လ မြောက်ရာသီ ဖြစ်သည်။ အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်းကျရောက်သော မြန်မာလ တစ်လပါပေ။ ရာသီမှာ ဗြိစ္ဆာရာသီဖြစ်ပြီး ရာသီရုပ်မှာ ကင်းမလက်မဲရုပ် ဖြစ်သည်။ 'တန်ဆောင်' ဆိုသည်မှာ မီးတိုင်ဟု အဓိပ္ပာယ်ရ၍ 'မုန်း' မှာ ပျံ့နှံ့စေခြင်းဟု အဓိပ္ပာယ်ရှိကြောင်း မှတ်သားခဲ့ဖူးပါသည်။ ထိုလတွင် ကထိန်သင်္ကန်းကပ်လှူခြင်း၊ ဆီမီးထွန်းညှိပူဇော်ခြင်း၊ မသိုး သင်္ကန်းရက်လုပ်ပူဇော်ခြင်းများ ကျင်းပပြုလုပ်ကြသည်။ ရာသီပန်းမှာ 'ခဝဲပန်း' ဖြစ်ပြီး ထင်ရှားသော ပွဲတော်မှာ ကထိန်အလှူပွဲ ဖြစ်သည်။**

### တန်ဆောင်တိုင် မီးထွန်းပွဲနှင့် ကထိန်ပွဲ

တန်ဆောင်တိုင်မီးထွန်းပွဲသည် သိကြားမင်းတည်ထားသော တာဝတိံသာနတ်ပြည်ရှိ ဘုရားအလောင်းတော်၏ ဆံတော်ကို ဌာပနာကာ တည်ထားသော စူဠာမုနိစေတီတော်ကို ရည်မှန်း၍ မီးပုံးပျံလွှတ်ခြင်း၊ ဆီမီးပူဇော်ခြင်းများကို ပြုလုပ်လေ့ရှိသည်။

ကထိန်ပွဲတော် ဖြစ်ပေါ်လာပုံမှာ ဘဒ္ဒဝဂ္ဂီညီနောင် ညီနောင်သုံးကျိပ်တို့သည် ဘုရားရှင်ကို ဖူးမြော်ရန်၊ ပါဝေယျမြို့မှ သာဝတ္ထိပြည်သို့ ခရီးထွက်ခဲ့ရာ လမ်းခရီးရှိ သာကေတမြို့တွင် ဝါကပ်ကြ၍ ဝါကျွတ်သော သီတင်းကျွတ်လပြည့် ရောက်သောအခါ ပဝါရဏာပြုကြပြီး ခရီးဆက်ကြသည်။ လမ်းတွင် မိုးသဲသဲမည်းမည်း ရွာသဖြင့် တစ်ကိုယ်လုံးစိုရွှဲကာ ရွှံ့ဗွက်အလူးလူးဖြင့် ရောက်လာသည်ကို ဘုရားရှင်မြင်တွေ့၍ ကရုဏာဖြစ်ပြီး ကထိန်သင်္ကန်းကို ခွင့်ပြုတော်မူခဲ့ကြောင်း မှတ်သားရပါသည်။ ကထိန်သင်္ကန်းကပ်လှူခွင့် (ကထိန်ခင်းခွင့်)ကို သီတင်းကျွတ်လပြည့်ကျော် (၁)ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ကထိန်ခင်းခွင့်ပြုခဲ့ကြောင်း သိရှိရသည်။ ယခုအခါ ကထိန်ခင်းရာတွင် စုပေါင်း၍ ဘုံကထိန်ခင်းခြင်းများ ပြုလုပ်လာကြပြီး ကထိန်သင်္ကန်းကို တန်ဆောင်မုန်းလဆန်း ၁၄ရက်နေ့အပြီး ရက်လုပ်ပြီး တန်ဆောင်မုန်းလပြည့်နေ့တွင် မသိုးသင်္ကန်းရက်လုပ်ကပ်လှူမှုများ ပေါ်ထွန်းလာကြောင်း မှတ်သားရပါသည်။

### တန်ဆောင်မုန်းလနှင့် ဆေးပေါင်းခသည့်ည

တန်ဆောင်မုန်းလပြည့်နေ့တွင် ကြယ်တာရာ၊ နက္ခတ်စုံလင်စွာ ပေါ်ထွက်သောကြောင့် ဆေးအာနိသင် ထက်မြက်သဖြင့် 'ဆေးပေါင်းခ' သည်ဟုလည်း ယုံကြည်ကြသည်။ ထိုဆေးပေါင်းခသည့်ည (တန်ဆောင်မုန်းလပြည့်ည)တွင် မယ်ဇယ်လီဖူးသုပ်များ ပြုလုပ်စားကြပြီး ဆေးဖက်ဝင်သည့်အတွက် မိတ်ဆွေများကိုလည်း ဝေငှပေးခြင်းများ၊ မခေါ်မုန့်လုံးခေါ် မုန့်လုံးရေပေါ်များပြုလုပ်ဝေငှခြင်း၊ စတုဒိသာကျွေးမွေးခြင်းများ၊ ပစ္စည်းအသုံးအဆောင်များကို ပုံသကူပစ်ခြင်းများပြုလုပ်ကြသည်မှာ မြန်မာတို့၏ ချစ်စရာဓလေ့တစ်ခုပင်ဖြစ်သည်။

### တန်ဆောင်မုန်းလနှင့် ထိုးကွင်း(ဆေးမင်ကြောင်) ထိုးသည့်ဓလေ့

ရှေးအခါက မြန်မာလူပျိုများသည် ခါးမှ ဒူးဆစ်အထိ ထိုးကွင်းများ ထိုးလေ့ရှိသည်။ ထိုသို့ဆေးမင်ကြောင်ထိုးရာတွင် ရှင်ဘုရင်မှ အစချီကာ မင်းညီမင်းသား၊ မှူးမတ်၊ သူကြွယ်၊ ကုန်သည်၊ လယ်လုပ် စသော လူယောကျ်ားတိုင်း ဆေးမင်ကြောင်ထိုးလေ့ရှိကြောင်း သိရသည်။ ထိုသို့ထိုးရာတွင် နက္ခတ်စုံညီ အခါကောင်းကို စောင့်ဆိုင်းကာ 'အမှောင်ခန်း' ခေါ် 'ဆေးမင်' ထိုးသည့် အခန်းတွင် အုန်း၊ ငှက်ပျောပွဲပေး၍ ထိုးကြသည်။ ဆေးမင်ထိုးသောသူသည် နက္ခတ်မိချိန်တွင် ကြောင်တက်၊ ကြောင်ဆင်း ဆေးထိုးပါက ဆေးအစွမ်းကြောင့် သွက်လက်ထက်မြက်သည်ဟု အယူအဆရှိကြောင်းလည်း သိရသည်။ ဆေးမင်ထိုးကွင်းမရှိသော ယောကျ်ားသည် ယောကျ်ားမပီသဟု ယူဆခဲ့ကြကြောင်းကို တောင်ငူဘုရင် နတ်သျှင်နောင်က ညီတော်မင်းရဲကျော်စွာအား ရည်ငံရင်းရှိသည့် မင်းသမီးက ပြက်ရယ်ပြုလေဟန် 'ဖြိုးမောက်မသင့်၊ ပတ်မမြင့်တည့်၊ ရှေ့နှင့်နောက်သာ၊ နံမှာဖြူရောင်၊ သလင်းတောင်ကို၊ မည်းအောင်ဖြည့်လေ၊ ပြည့်မှစေလော့။ မြင်ချေသည်မူ၊ ခြောက်ပြည်သခင်၊ နေလုလင်လည်း၊ သို့စင်လွန်ကဲ၊ တင့်မည်ခဲစွ၊ မင်းရဲကျော်စွာ၊ မည်သာလွင့်ပေါ်၊ မင့်သေ့သော်မူ၊ နံတော်နှစ်ဖက်၊ စွန်းမစက်သည်၊ မရှက်ပတ်လည် ဝေးသေးသည်' ဟု ရတုတော်ရေးသားမှတ်တမ်းထားခဲ့ကြောင်း လေ့လာသိရှိရပါသည်။

### တန်ဆောင်မုန်းဒေသနာ(သာမညဖလသုတ်)

မာဂဓပြည့်ရှင် အဇာတသတ်မင်းသည် 'အကလျာဏမိတ္တ' လူ့ဗာလဒေဝဒတ်နှင့် ပေါင်းသင်းမိ၍ 'ပိတုဃာတက' အဖကို သတ်မိသော အကုသိုလ်ကံကျူးလွန်ခဲ့ပြီးမှ သမားတော်ဇီဝကမည်သော 'ကလျာဏမိတ္တ' သူတော်ကောင်းနှင့် ပေါင်းခွင့်ရခဲ့ပြန်သောကြောင့် မိုက်နောင်တရ၍ အမှားကို ဝန်ချရန်အတွက် လွန်ခဲ့သောနှစ်ပေါင်း ၁၅၅၀ ကျော်က တန်ဆောင်မုန်းလပြည့် ညဥ့်အခါ၌ မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူသော သမားတော်ဇီဝက၏ 'အမ္ဗဝန' သရက်ဥယျာဉ်တော်သို့ သွားရောက်၍ မြတ်စွာဘုရားရှင်အား ဆည်းကပ်စဉ် မာဂဓပြည့်ရှင် အဇာတသတ်အား ဟောကြားခဲ့ရာမှ သူတော်ကောင်းဟူသည် မည်သူ့ကိုခေါ်ဆိုကြောင်း ပြဆိုရာ ဒေသနာဖြစ်သော 'သာမညဖလသုတ်တော်' ဟောပြောခဲ့ကြောင်း သိရှိရပါသည်။

'သာမညဖလ' သည် သာမဏေအဖြစ်၊ ရသေ့ရဟန်းပြုလုပ်ခြင်းအဖြစ်ဟု အဓိပ္ပာယ်ရရှိပြီး 'ဖလ' သည် အကျိုးကျေးဇူးအာနိသင်ဟု အနက်ရကြောင်း မှတ်သားရပါသည်။ လိုရင်းအနှစ်ချုပ်မှာ ရဟန်းပြုရခြင်း၏ လက်တွေ့အကျိုးရရှိပုံ၊ မိမိ၏ ကိုယ်ကျင့်တရားဟူသော သီလတည်ခြင်းဖြင့် ဝိပဿနာကို ပွားများကာ အာသဝေါတရားကင်းစင်ပြီး မဂ်ဖိုလ်နိဗ္ဗာန်သို့ ဆိုက်ရောက်နိုင်ကြောင်း ဆိုလိုရင်းဖြစ်သည်ကို မှတ်သားသိရသည်။

### တန်ဆောင်မုန်းလပြည့်ညနှင့် ကျီးမနိုးပွဲ

တန်ဆောင်မုန်းလသည် ရာသီဥတုသာယာသလောက် ပျော်ရွှင်ပွဲများသော လဖြစ်သည်။ မြန်မာယဉ်ကျေးမှုပွဲတစ်ခုဖြစ်သော ကျီးမနိုးပွဲလည်း ကျင်းပလေ့ရှိသည်။ ကျီးမနိုးပွဲဆိုသည်မှာ ကျီးငှက်များသည် အရုဏ်မပေါ်မီ အချိန်အတွင်း အိပ်တန်းထလေ့ရှိသည်။ ထို့ကြောင့် တန်ဆောင်မုန်းလပြည့်နေ့ လူများအိပ်ချိန်မှသည် နံနက်အရုဏ်မတက်မီ အချိန်အထိ ကျီးမနိုးပွဲ ကျင်းပလေ့ရှိပါသည်။ လက်ဆင့်ကမ်းစကားများအရ ရှေးအခါက မိန်းမယောကျ်ား၊ လူငယ်လူရွယ်၊ မည်သူမဆို၊ ကျီးမနိုးပွဲကို ဆင်နွှဲကြသည်။ ဆင်နွှဲရာတွင် တစ်ဦးတစ်ယောက်တည်းဖြစ်စေ၊ အစုအဖွဲ့ဖြင့်ဖြစ်စေ၊ အိမ်ရှိပစ္စည်းများကို အိမ်ပိုင်ရှင်မသိအောင် ယူဆောင်ခြင်းဖြစ်သည်။ ယူဆောင်ရာတွင် ကျွဲ၊ နွား၊ ထွန်ထယ်၊ အိုးခွက်၊ ပန်းကန်စသည့် ပစ္စည်းမျိုးစုံကို ပိုင်ရှင်မသိအောင် ယူဆောင်၍ ထိုပစ္စည်းများကို မပျက်စီးစေဘဲ ရွာရှိ ကွင်းပြင်တစ်နေရာတွင် ပစ္စည်းပိုင်ရှင်၏ အမည်ကို ရေးထိုးကာ စုပုံထားကြသည်။




ထိုပွဲကို ဆင်နွှဲသူအများအပြားရှိကြသော်လည်း ထမြောက်အောင်မြင်သူ နည်းပါးကြောင်းနှင့် ပစ္စည်းကို ပိုင်ရှင်မသိစေဘဲ ယူဆောင်နိုင်လျှင် အောင်မြင်သူဟု လက်မထောင်ကြသည်။ မိုးလင်းသောအခါ ပိုင်ရှင်အား ပစ္စည်းများကို လာရောက်ရွေးယူရာတွင် ပစ္စည်းတန်ဖိုးပေါ်မူတည်၍ ပစ္စည်းပိုင်ရှင်က သင်္ကန်းဒွိစုံ၊ စပါးတစ်တင်း၊ ပဲတစ်တင်း၊ နှမ်းတစ်စိတ် စသည်ဖြင့် ရွေးယူရကြောင်းနှင့် ထိုရွေးခံရသည့် ပစ္စည်းများကို အလွဲဖြုန်းတီးခြင်း မရှိဘဲ ကျီးမနိုးပွဲနိုင်သူများ စုပေါင်း၍ ရပ်ရွာသာရေး၊ နာရေးတွင် အသုံးပြုရန် ရပ်ရွာဘုံပိုင်ပစ္စည်းအဖြစ် ထူထောင်လေ့ရှိကြောင်း သိရသည်။ တစ်ခါတစ်ရံ ဆင်းရဲသော အိမ်ထောင်စုများအား ခွဲဝေပေးခြင်းများ ပြုလုပ်ကြသည်မှာ မြန်မာတို့၏ ချစ်စရာ ပရဟိတ စိတ်ဓာတ်၊ ဘုံဝါဒကို ဖော်ညွှန်းကြောင်း သိရှိရသည်။

ပစ္စည်းယူဆောင်ရာတွင် ပိုင်ရှင်သိရှိသွားပါက ခိုးသူက အရှုံးပေးရပြီး ထွက်ပြေးခွင့်မရှိချေ။ ထိုသူအား ကတုံးတုံးစေပြီး ပြာလူးထားကြကြောင်း မှတ်သားရသည်။ ကျီးမနိုးပွဲ ရှုံးသူများကို ရွာလူကြီးမှ တရားသူကြီးလုပ်ကာ တရားဆိုင်ခန်း အပျော်သဘော ပြုလုပ်ကြပြီး ခိုးသူများကို ရဟန်းဝတ်စေမြဲ အပြစ်ပေးပုံမှာ ချစ်စရာမြန်မာ့ဓလေ့တစ်ခုပါပေ။ ပျော်စရာထိုဓလေ့များကို တဖြည်းဖြည်း တိမ်ကောလာခဲ့သည်။

### တန်ဆောင်မုန်းလပြည့်ညနှင့် သူခိုးကြီးည

ယခုခေတ် အချိန်အခါအထိ မြန်မာအရပ်ဒေသများတွင် ကျီးမနိုးပွဲ ပြန်လုပ်ကြသေးကြောင်း သိရှိရသည်။ သို့သော် ရှေးခေတ်နှင့် ကွဲလွဲလာသည်မှာ ရှေးသကဲ့သို့ ပျော်ရွှင်စည်းလုံးမှုကို ဦးစားမပေးတော့ဘဲ ယဉ်ရာမှ ရိုင်းလာကြသည်။ စည်းကမ်းများ ယိုယွင်းလာသည်ကို တွေ့ရသည်မှာ စိတ်မကောင်းစရာပါပေ။ မူလကျီးမနိုးပွဲကို မျက်ကွယ်ပြု၍ သူတစ်ပါးပစ္စည်းများကို အပိုင်ရယူလိုမှု၊ ပျက်စီးစေမှုများနှင့် ပစ္စည်းပိုင်ရှင်များကို ထိခိုက်နစ်နာစေလောက်အောင် ပြုမူလာကြသည်ကို တွေ့ရှိရပါသည်။ မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်ဘက်ဖြစ်သော မူးယစ်သောက်စားခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းစသည့် ဓလေ့ဆိုးများကြောင့် ကျီးမနိုးပွဲအစား 'သူခိုးကြီးည' ဟုပင် အမည်တွင်ခဲ့ရပြီ ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်သည့် 'သူခိုးကြီးညပွဲတော်' များ ပျောက်ကွယ်သင့်ပြီး မြန်မာယဉ်ကျေးမှုကို ဖော်ဆောင်နိုင်သော 'ကျီးမနိုးပွဲတော်' ပြန်လည်ထွန်းကားလာစေရန် မြန်မာတန်ဆောင်တိုင်ပွဲတော်ကို ရိုးရာမပျက်နွှဲပျော်ရင်း မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းကြရန် ဝိုင်းဝန်းကြိုးစားသင့်ပေသည်။

## (၃၆)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ ကြိုဆိုဂုဏ်ပြု စုပေါင်းသွေးလှူဒါန်း

**ညောင်ဦး နိုဝင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ဝန်ထမ်းများက (၃၆)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အောက်တိုဘာ ၃၁ ရက် နံနက် ၁၀ နာရီက စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၇ ရက်တွင်ကျရောက်မည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ (၃၆)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ညောင်ဦးခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဝန်ထမ်းများသည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ခုတင် ၂၀၀ ဆံ့ပြည်သူ့ဆေးရုံကြီးတွင် ဝန်ထမ်း ၁၂ ဦးမှ စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ အဆိုပါ သွေးလှူဒါန်းနေမှုအား ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်၊ ညောင်ဦးခရိုင် ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မြင့်ထွန်း၊ ညောင်ဦးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းသီတာချိုဇင်နှင့် အသင်းဝင်များ၊ ညောင်ဦးမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဇာဇာဝင့်နှင့် အသင်းဝင်များ၊ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များက သွေးလှူဒါန်းသည့် ဝန်ထမ်းများအား ဖီးကြမ်းငှက်ပျောသီး၊ Royal D အချိုရည်၊ ကြက်ဥ၊ အားဆေးများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၁)

* – * – * – * – *





## ကယ်ဆယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် ဌာန၊ အဖွဲ့အစည်းများကို ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ မြို့တော်ခန်းမ၌ အောက်တိုဘာ ၃၀ရက် နံနက် ၁၀နာရီက ရှမ်းပြည်နယ်အတွင်း တိုင်ဖွန်းမုန်တိုင်း(Yagi)ကြောင့်ဖြစ်ပွားခဲ့သော သဘာဝဘေးဖြစ်စဉ်များတွင် ကယ်ဆယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် ဌာန၊ အဖွဲ့အစည်းများကို ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနား ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ KBZ Group၊ ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာန၊ ရှမ်းပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ်များ အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ပရဟိတအသင်းအဖွဲ့များကိုယ်စား တောင်ကြီးမြို့၊ ရှမ်းတောင်ပရဟိတအဖွဲ့ တာဝန်ခံ ဦးတင်ထွန်းအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသများမှ စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌများ၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးကျော်ကျော်ထွန်း၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် မျိုးမင်းထိုက်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ KBZ BANK(ရှမ်း၊ တောင်) မန်နေဂျာ ဒေါ်စန္ဒာဝင်းနှင့်ပရဟိတအဖွဲ့အစည်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်–၂)

* – * – * – * – *

## ဟင်းသီးဟင်းရွက် ၁၃၃ ဧက စိုက်ပျိုးပြီးစီး

**မကွေး နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်ရှိ မြေနုကိုင်းမြေများတွင် ဟင်းသီးဟင်းရွက်များကို မိသားစုဝင်ငွေရစေရန် စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည်။

"ကန်စွန်းရွက်၊ ဘူး၊ ဖရုံ၊ သခွား၊ ဆလပ်၊ ကိုက်လန့်၊ မုန်ညင်း၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ကြက်ဟင်းခါးသီး၊ နံနံတို့ကို စိုက်ကြတယ်။ အချို့ဟင်းသီးဟင်းရွက်စိုက်ခင်းက မြေအောက်အဝီစိရေနှင့် စိုက်ရတယ်။ ဆောင်းရာသီမှာ ဟင်းသီးဟင်းရွက်စိုက်ပြီး ဝင်ငွေရှာရတယ်" ဟု ရေနံချောင်းမြို့နယ်မှ ဒေသခံတစ်ဦးက ပြောသည်။

တောင်သူများသည် ရေနံချောင်းမြို့နယ်အပြင် ကျောက်ပန်းတောင်းမြို့နယ်နှင့် ချောက်မြို့နယ် ဝေ့ပေင်ကျေးရွာစံပြဈေး၊ မကွေးမြို့ရှိဈေးများသို့ တင်ပို့ရောင်းချကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံအဖြစ် ၂၃၈ ဧကလျာထားစိုက်ပျိုးခဲ့ရာ ယနေ့အထိ ၁၃၃ ဧက စိုက်ပျိုးပြီးစီးကြောင်း ယခင်နှစ် ၂၀၂၃-၂၀၂၄ ခု ဆောင်းသီးနှံအဖြစ် ဟင်းသီးဟင်းရွက်ကို ၁၈၀ ဧက လျာထားလုပ်ကိုင်ခဲ့ရာ ၄၀၃ ဧက စိုက်ပျိုးပြီးစီးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

(၄၇၂)

* – * – * – * – *

## မြို့ပြဖွံ့ဖြိုးရေးအတွက် အုတ်ရေနုတ်မြောင်း ဆောင်ရွက်နေမှုအား အရည်အသွေးပြည့်မီရေး ကွင်းဆင်းစစ်ဆေး

**ပွင့်ဖြူ နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဌာန၏ငွေလုံး၊ ငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ပွင့်ဖြူမြို့၊ အလယ်ပိုင်းရပ်ကွက် ဒေလီယာလမ်းတွင် မြို့ပြဖွံ့ဖြိုးရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် အုတ်ရေနုတ်မြောင်း ဆောင်ရွက်နေမှုအခြေအနေအား နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးသန်းထိုက်အောင်နှင့်အဖွဲ့ဝင်များက လုပ်ငန်းအရည်အသွေး ပြည့်မီစေရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထိုက်အောင်နှင့် ကော်မတီအဖွဲ့ဝင်များက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်နှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် မြို့မိမြို့ဖများ လိုက်ပါ၍ ပွင့်ဖြူမြို့၊ အလယ်ပိုင်းရပ်ကွက် ဒေလီယာလမ်းတွင် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အရှည်ပေ ၇၉၅ ပေအား အကျယ် ၂ ပေ၊ အနက် ၂ ပေ အုတ်ရေနုတ်မြောင်း ဆောင်ရွက်နေမှု အခြေအနေများ



ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းအရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် အလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။ အဆိုပါ အုတ်ရေနုတ်မြောင်း ဆောင်ရွက်ခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဌာနငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၇ ဒသမ ၈၅ သန်း အသုံးပြု၍ ပွင့်ဖြူမြို့ အလယ်ပိုင်းရပ်ကွက် ဒေလီယာလမ်းတွင် အရှည်ပေ ၇၉၅ ပေ၊ အကျယ် ၂ ပေ၊ အနက် ၂ ပေ အုတ်ရေနုတ်မြောင်းတည်ဆောက်ခြင်းလုပ်ငန်းကို ယခုနှစ် အောက်တိုဘာ ၂၉ ရက်က လုပ်ငန်းစတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ ၃၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်းနှင့် ယင်းရေနုတ်မြောင်း တည်ဆောက်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၅ ရက်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ပြောသည်။

ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့ပြနှင့်ကျေးလက်ဒေသ သန့်ရှင်းသာယာလှပရေးနှင့် လူနေမှုဘဝမြင့်မားတိုးတက်စေရေးအတွက် ဘဏ္ဍာနှစ်အလိုက် ခွင့်ပြုရန်ပုံငွေများဖြင့် မြို့ပြနှင့်ကျေးလက်ဒေသများတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင်လည်း ဌာန၏ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၆၂ ဒသမ ၈၅ ဖြင့် ဒေသခံပြည်သူများသွားလာရေး အဆင်ပြေစေရန်အတွက် လမ်း၊ တံတားလုပ်ငန်းများဆောင်ရွက်ခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းပြုလုပ်ခြင်းနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများ အပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၁၂ ခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(၄၄၅)



## မိုင်းယောင်းမြို့၌ ဆိုလာ(၂၃)စုံ ထောက်ပံ့ပေးအပ်

**မိုင်းယောင်း နိုဝင်ဘာ ၃**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် ဝမ်မန်းကျေးရွာအုပ်စု၊ ဝိန်းကျိုင်းကျေးရွာအတွက် ဆိုလာ (၂၃)စုံ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့က ကျေးရွာဘုန်းကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးဇော်မင်းဆွေက အဖွင့်အမှာစကားပြောကြားပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ပုံ၊ အသုံးပြုပုံ နည်းလမ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဇော်၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများက ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းနှင့် အိမ်ခြေ ၂၂ အိမ်တို့အား 50W ဆိုလာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

## မင်းဘူးမြို့ ရှင်ပင်ချမ်းသာကြီးဘုရားတွင် တန်ဆောင်မုန်းလပြည့်နေ့၌ ဆီမီး (၁၀၀၀၀) ထွန်းညှိပူဇော်မည်

**မင်းဘူး နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့အမှတ်(၃)ရပ်ကွက်ရှိ မဟာသုခိတာရာမရှင်ပင်ချမ်းသာကြီးဘုရားတွင် တန်ဆောင်မုန်းလပြည့်သာမညဖလအခါတော်နေ့၌ ဆီမီး(၁၀၀၀၀)ထွန်းညှိပူဇော်သွားမှာဖြစ်ကြောင်း ချမ်းသာကြီးဘုန်းတော်ကြီးကျောင်း၊ ကျောင်းထိုင်ဆရာတော်အရှင်ပဏ္ဍိတထံမှ သိရသည်။

ရှင်ပင်ချမ်းသာကြီးဘုရားနှင့် ဂန္ထကုဋ္ဌိတိုက်၊ အရန်စေတီပေါင်း ၁၅ ဆူ၊ တန်ဆောင်းနှင့်အုတ်တံတိုင်းများအား ယခင်နှစ်က တန်ဆောင်တိုင် ဆီမီးထွန်းညှိပူဇော်ပွဲများကို ရပ်နီး၊ ရပ်ဝေးမှ ဘုရားဖူးပြည်သူများက လာရောက်ဖူးမြော်ကြည်ညိုခဲ့ကြပြီး စည်ကားလျက်ရှိသည်။

ထိုကဲ့သို့ပင် ယခုနှစ်တွင်လည်း ဆီမီးထွန်းညှိပူဇော်ခြင်းများနှင့် ပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းအပြင် လျှပ်စစ်ရောင်စုံမီးပွင့်များ၊ မီးပန်းများဖြင့် အလှဆင်ကာ ဝေဝေဆာဆာဖြင့် ဘုရားဖူးလာပြည်သူများ ကြည်ညိုသဒ္ဓါပွားများနိုင်ရန် စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်သွားဖို့ စီစဉ်ထားကြောင်း ချမ်းသာကြီးလှူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဦးသက်ထွန်းက ပြောကြားခဲ့ကြောင်း သိရသည်။ (၅၀၄)

## မိုးနောင်းဝါ၊ ဆောင်းနေကြာသီးနှံများနှင့် နို့စားနွားမွေးမြူရေးသမဝါယမအသင်းများသို့ တာဝန်ရှိသူများမှ ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်



**ပြင်ဦးလွင် နိုဝင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မိုးနှောင်းဝါ၊ ဆောင်းနေကြာ သီးနှံများနှင့်နို့စားနွားမွေးမြူရေးသမဝါယမအသင်းများသို့ တိုင်းဒေသကြီးသမဝါယမဦးစီးဌာန တိုင်းဦးစီးမှူး ဦးထွန်းဇော်ဦး(ညွှန်ကြားရေးမှူး)နှင့် တာဝန်ရှိသူများမှ ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်းများ ပြုလုပ်ခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ လွန်ကောင်းကျေးရွာအုပ်စု၊ ဝါးနက်ကျေးရွာအတွင်းရှိ ရွှေဝတီ(ဝါ)မျိုးစေ့ထုတ်သမဝါယမအသင်း လီမိတက်၏ ဝါစိုက်ပျိုးသည့် အသင်းသား တောင်သူများနှင့် တွေ့ဆုံ၍လည်းကောင်း၊ နောင်လိုင်ကျေးရွာရှိ နောင်လိုင်(စိုက်၊ ထုတ်)သမဝါယမအသင်း လီမိတက်၏ ဆောင်းနေကြာစိုက်ပျိုးသည့် အသင်းသား တောင်သူများနှင့် တွေ့ဆုံ၍လည်းကောင်း၊ သင်္ဂတုံကျေးရွာအုပ်စု၊ ရေမောင်းကုန်းကျေးရွာ ပြင်ဦးလွင်နို့စားနွားမွေးမြူရေးအသင်းလီမိတက်၏ အသင်းသားများနှင့် တွေ့ဆုံ၍လည်းကောင်း၊ ၎င်းတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။ **(အပေါ်ဝဲပုံ)**

**သွေးသွေး(ခရိုင်/ပြန်ဆက်)**

## ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲကြီးသီးနှံ ၅၂၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်



**ပွင့်ဖြူ နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးသီးနှံ ၅၂၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ပဲကြီးသီးနှံ ၃၆၉၇ ဧက စိုက်ပျိုးရန် လျာထားပြီး ဒေသခံတောင်သူများက သတ်မှတ်စိုက်ဧက ပြည့်မီရေးအတွက် ယခုနှစ်အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲကြီးသီးနှံ ၅၂၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားဖို့၊ စားနပ်ရိက္ခာဖူလုံဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ ရည်ရွယ်ပြီး ပဲကြီးသီးနှံ ၃၆၉၇ ဧက စိုက်ပျိုးဖို့ လျာထားရှိပြီး ဒေသခံတောင်သူတွေကိုလည်း သတ်မှတ်လျာထားစိုက်ဧက ပြည့်မီအောင် စိုက်ပျိုးကြဖို့ တောင်သူပညာပေး လုပ်ငန်းတွေကို တွန်းအားပေး ဆောင်ရွက်နေပါတယ်။ ပဲကြီးသီးနှံက ဈေးကောင်းလည်းရရှိတော့ မိုးရာသီနဲ့ ဆောင်းရာသီမှာ တောင်သူတွေက အားထားစိုက်ပျိုးလုပ်ကိုင်ကြတယ်။ ဒီနေ့ထိ ပဲကြီးသီးနှံ ၅၂၂ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ပဲကြီးသီးနှံစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး သီးနှံအထွက်နှုန်းနဲ့ သီးနှံအရည်အသွေးကောင်းမွန်စေဖို့အတွက် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ GAP စနစ်နဲ့ စိုက်ပျိုးခြင်း၊ ပိုးမွှားရောဂါကျရောက်ကာကွယ်ရန် သဘာဝပိုးသတ်ဆေး ထုတ်လုပ်အသုံးပြုခြင်း စတဲ့ လုပ်ငန်းများကို အဓိကထားဆောင်ရွက်ကြဖို့ တောင်သူတွေကို ကွင်းဆင်းကြီးကြပ် ဆောင်ရွက်နေပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဒေသတွင်း စားနပ်ရိက္ခာဖူလုံစေရေးနှင့် သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားရေးအတွက် ပဲကြီးသီးနှံအပါအဝင် မတ်ပဲ၊ စားတော်ပဲ၊ ပဲကြား၊ ကုလားပဲ၊ ပဲလွမ်း၊ ပဲနောက်၊ ပဲယင်း၊ ထောပတ်ပဲ၊ ပဲပုပ်နှင့် အခြားပဲ စုစုပေါင်းပဲမျိုးစုံသီးနှံ ၄၁၈၀၀ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကာ သီးနှံအလိုက် သတ်မှတ်လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန်နှင့် အောင်မြင်ဖြစ်ထွန်းမှုရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

(၄၄၅)

## ကျောက်ဆည်ခရိုင်၌ နနွင်းစိုက်ခင်းများအောင်မြင်ဖြစ်ထွန်း၍ နနွင်းဖူးများဈေးကောင်းရ

**ကျောက်ဆည် နိုဝင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်တွင် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိပြီး စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော နနွင်းကိုလည်း စိုက်ပျိုးကြကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ကျောက်ဆည်မြို့နယ်တွင် ၈၄၃ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၂၆ ဧက၊ မြစ်သားမြို့နယ်တွင် ၁၀၄၆ ဧက၊ စုစုပေါင်း ၁၉၁၅ ဧက စိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

နနွင်းကို ဇွန်လနှင့် ဇူလိုင်လများတွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလတွင် ထွက်ပေါ်ကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ဘောင်ခတ်စနစ်ဖြင့် စိုက်ပျိုးပြီး စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၂၀ သိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် နနွင်းပိဿာချိန် ၈၀၀ ခန့် ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် သီးနှံပေါ်စအချိန်တွင် နနွင်းတက် တစ်ပိဿာလျှင် ငွေကျပ် ၆၇၀၀ ဖြင့် ရောင်းချရကြောင်း၊ ဈေးကွက်အနေဖြင့် နနွင်းများကို ဒေသတွင်းရောင်းချမှုအပြင် ကျောက်ဆည်မြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချပြီး ပွဲရုံများမှတစ်ဆင့် မန္တလေးမြို့သို့ တင်ပို့ရောင်းချကြောင်း၊ တစ်ဧကလျှင် ငွေကျပ် ၃၂ သိန်းခန့် အမြတ်ရရှိကြောင်း၊ ယခုချိန်တွင် နနွင်းဖူးများ စတင်ထွက်ပေါ်နေပြီဖြစ်ရာ နနွင်းအဖူး ၁၀၀ ဖူးလျှင် လက်ကားဈေး ငွေကျပ် ၈၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ နနွင်းစိုက်ပျိုးခြင်းသည် နနွင်းတက်များသာမက နနွင်းဖူးများပါ ရောင်းချရသောကြောင့် အပိုဝင်ငွေများရရှိ၍ အဆင်ပြေလျက်ရှိပြီး နနွင်းစိုက်ခင်းများလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။





**(ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ-ဝ

## ကျိုင်းလီကျေးရွာ၌ VDP စီမံကိန်းဖြင့် ဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး



**မန္တလေး နိုဝင်ဘာ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများမှ ဟိုပန်ကျေးရွာအုပ်စု၊ ကျိုင်းလီကျေးရွာ၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်း၊ ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဆန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျိုင်းလီကျေးရွာတွင် ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ဘက်စုံသုံးခန်းမဆောင်သည် အလျား ၄၀ အနံ ၂၀ အမြင့် ၁၂ပေရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် (၁၅၀)သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် (၁၀)သိန်း၊ စုစုပေါင်းရန်ပုံငွေကျပ် (၁၆၀)သိန်းကို အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ကွင်းဆင်းကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဩဂုတ်လ စတုတ္ထအပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၆၈ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ချိုသန်းညွန့်(ကျေးလက်)



## တိသာဘုရား ဘုရားပူးများ လွယ်ကူစွာသွားလာဖူးမြော်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**ညောင်ဦး နိုဝင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ဝက်ကြီးအင်းရပ်ကွက်၊ ရွှေဂူမိဘမဲ့ဘုန်းတော်ကြီးသင်ကျောင်း၏ အနောက်ဘက်ကပ်လျက်ရှိ တိသာဘုရားသို့ ဘုရားဖူးများ လွယ်ကူချောမွေ့စွာသွားလာနိုင်ရေး ကွင်းဆင်းစစ်ဆေးခြင်းကို အောက်တိုဘာ ၃၁ ရက် နံနက် ၈ နာရီက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ် ဝက်ကြီးအင်းရပ်ကွက်၊ ရွှေဂူမိဘမဲ့ဘုန်းတော်ကြီးသင်ကျောင်း၏အနောက်ဘက်ကပ်လျက်ရှိ ပုဂံခေတ်ဘုရားဖြစ်သည့် တိသာဘုရားနှင့်ခြေတော်ရာတို့အား ဖူးမြော်နိုင်ရန် ပေါင်းမြက်များရှင်းလင်းထားရှိမှု၊ ရှေးဟောင်းဘုရားနှင့် အုတ်ပုံဟောင်းများ၊ နယ်နိမိတ်ထားကာ သွားလာမှုလွယ်ကူစေရေးအတွက် ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးညီမွန်၊ ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် သက်ဆိုင်ရာဌာနဆိုင်ရာများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၄၈၁)



## ယာယီဈေးတည်ဆောက်ပြီးစီးမှုအခြေအနေများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ဆီဆိုင် နိုဝင်ဘာ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့တွင် ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေ ကျပ်သန်း ၃၇၉ ဒသမ ၈၉၇ ဖြင့် ဆောင်ရွက်သည့် ယာယီဈေးတည်ဆောက်ပြီးစီးမှု အခြေအနေများအား နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီက တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆန်းဦးနှင့်တာဝန်ရှိသူတို့သည် မြို့မဈေးနေရာတွင် အဆောင် (၁၈)ခု၊ ဆိုင်ခန်း (၃၈၂)ခန်း ပါဝင်သော ယာယီဈေးပုံစံဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါမြို့မဈေးသည် ဇန်နဝါရီလအတွင်း အကြမ်းဖက်သောင်းကျန်းသူများ၏ ဝင်ရောက်တိုက်ခိုက်မှုကြောင့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရပြီး မြို့မဈေးအား ယာယီအကွက်ချပုံစံဖြင့်သာ ဖွင့်လှစ်ရောင်းချခဲ့သည်။ ယခုတွင် ရှမ်းပြည်နယ် စည်ပင်သာယာရေး ဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေကျပ် သန်း ၃၇၉ ဒသမ ၈၉၇ ဖြင့် မြို့မဈေးနေရာတွင် အဆောင် (၁၈)ခု၊ ဆိုင်ခန်း (၃၈၂)ခန်း ပါဝင်သော ယာယီဈေးပုံစံဆောက်လုပ်နေမှုလုပ်ငန်းသည် (၃၀) ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ (အပေါ်ပုံ)(၃၆၈)

## ကြို့ပင်စံပြကျေးရွာ၌ ရွာတွင်းလမ်း လုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း(SMART Village)ရန်ပုံငွေဖြင့် သစ်တပ်ကျေးရွာအုပ်စု၊ ကြို့ပင်စံပြကျေးရွာ၌ ရွာတွင်းလမ်းရိစာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၂ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦး၊ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကြို့ပင်စံပြကျေးရွာ၌ ရွာတွင်းလမ်းရိစာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ကြို့ပင်စံပြကျေးရွာ၌ လမ်းအရှည် ၃၃၃၄ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ရွာတွင်းလမ်း ရိစာခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်းရန်ပုံငွေကျပ် ၁၉ ဒသမ ၉၅ သန်းအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်တိုဘာ ၂၉ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

(အပေါ်ပုံ) နော်လူး





## ကီလိုမာလကာ၊ ခြောက်လမာလကာသီးများ အရောင်းအဝယ်သွက်

**ရေနံချောင်း နိုဝင်ဘာ ၃**

သစ်သီးဝလံဈေးကွက်၌ ကီလိုမာလကာ၊ ခြောက်လမာလကာသီးများ ဝါကျွတ်ပြီးနောက်ပိုင်းကနေ ယနေ့အထိ အရောင်းအဝယ်သွက်လျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်က စိုက်ပျိုးသူနှင့် သစ်သီးဆိုင်များက သိရသည်။ ဝါကျွတ်(သီတင်းကျွတ်လပြည့်နောက်ပိုင်း)ကတည်းက သစ်သီးအရောင်းအဝယ်မှာ ကထိန်နှင့် အလှူအတန်းပေါ်များခြင်း အပါအဝင် ကီလိုမာလကာသီး၊ ခြောက်လမာလကာသီးနှင့် နဂါးမောက်သီး၊ သဘော်သီး၊ ငှက်ပျောသီးများ ပုံမှန်ထက်ပိုပြီး အရောင်းအဝယ်လိုက်ကြောင်း သိရသည်။ ခြောက်လမာလကာသီးကိုတစ်နိုင်တစ်ပိုင် စိုက်ပျိုးကြသဖြင့် ရေနံချောင်းဒေသနှင့် ကျောက်ပန်းတောင်းမြို့နယ်ရှိ စိုက်ခြံများက ဝင်ရောက်လျက်ရှိသည်။

မာလကာသီးအရွယ်အစားကိုမူတည်ပြီး တစ်လုံးလျှင် ငွေကျပ် ၃၅၀၊ ၅၀၀၊ ၇၀၀ အတွင်း ပေါက်ဈေးရောင်းရကြောင်း သိရသည်။

(ဝဲပုံ) ဆန်းညွန့်-ရေနံချောင်း

# ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် (ဒေါ်ချစ်၏ နေနတ်သားဆေးတိုက်)သီရိသုမ္မေသီဂီ ဒေါ်တင်အုံးမိသားစုတို့၏ အကြိမ်(၄၀)မြောက် မဟာကထိန်တော်အလှူပွဲ ကျင်းပ



**မန္တလေး၊ နိုဝင်ဘာ ၃**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် (ဒေါ်ချစ်၏ နေနတ်သားဆေးတိုက်) သီရိသုမ္မေသီဂီ ဒေါ်တင်အုံးမိသားစုတို့၏ အကြိမ်(၄၀)မြောက် မဟာကထိန်တော်အလှူပွဲကို နိုဝင်ဘာ ၂ ရက်၊ နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၌ ကျင်းပပြုလုပ်သည်။

အဆိုပါ မဟာကထိန်တော်အလှူပွဲသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၏ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တကေသဝ(မွေ့စရိယ၊ B.A၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ)နှင့် ပင့်ဖိတ်ထားသော ဆရာတော်ကြီး ၂၃ ပါး၊ သင်တန်းကျောင်းသံဃာတော် ၆၄ ပါးတို့ ကြွရောက်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၏ ဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ၊ အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာအောင်ဆွေ၊ ဥပဋ္ဌာကအဖွဲ့ဒုတိယဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတရေဦးချစ်ထွန်း၊ အတွင်းရေးမှူး ဦးမျိုးဝင်းနိုင်နှင့် ဥပဋ္ဌာကအဖွဲ့ဝင်များ၊ မဟာကထိန်တော်အလှူရှင်(ဒေါ်ချစ်၏ နေနတ်သားဆေးတိုက်) သီရိသုမ္မေသီဂီ ဒေါ်တင်အုံးမိသားစုများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ မဟာကထိန်အလှူတော်ကို "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ပြီး၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၏ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တကေသဝ(မွေ့စရိယ၊ B.A၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ)ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြပြီး မဟာကထိန်အလှူတော် အလှူရှင်ဖြစ်သည့်(ဒေါ်ချစ်၏ နေနတ်သားဆေးတိုက်) သီရိသုမ္မေသီဂီ ဒေါ်တင်အုံးမိသားစုတို့က ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းအစုစုကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၏ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တကေသဝ(မွေ့စရိယ၊ B.A၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ)ထံမှ မဟာကထိန်အလှူတော် အနုမောဒနာတရားတော် နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

ထို့နောက် မဟာကထိန်အလှူတော်ကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အောင်မြင်စွာပြီးမြောက်ပြီး၊ အလှူရှင်မိသားစုတို့က သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ (ဒေါ်ချစ်၏ နေနတ်သားဆေးတိုက်) သီရိသုမ္မေသီဂီ ဒေါ်တင်အုံးမိသားစုတို့၏ မဟာကထိန်တော်အလှူပွဲတွင် ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းစုစုပေါင်း ဆက်ကပ်လှူဒါန်းမှုမှာ တန်ဖိုးငွေကျပ်(၂၅၀၀၀၀၀၀/) (ကျပ်သိန်းနှစ်ရာငါးဆယ်တိတိ) ဖြစ်ကြောင်း သိရှိရသည်။

(၀၅၂)

# စက်တင်ဘာလထိ ပြည်ပခရီးသွားဧည့်သည် ၈၀၀၀၀၀ ကျော် ဝင်ရောက်



**မန္တလေး နိုဝင်ဘာ ၃**

ပြည်တွင်းသို့ ပြည်ပခရီးသွားဝင်ရောက်မှုစာရင်းများအရ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီမှ စက်တင်ဘာထိ ၈၂၇၀၀၀ ကျော်ရှိရာ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံမှ အများဆုံးဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားရေးမှူးဦးစီးဌာနမှ သိရသည်။ ပြည်ပခရီးသွားဧည့်သည်များသည် ကမ္ဘာလှည့်ဗီဇာနှင့် စီးပွားရေးဗီဇာတို့ဖြင့် ဝင်ရောက်လာကြရာတွင် စီးပွားရေးဗီဇာဖြင့် ဝင်ရောက်မှုက ပိုမိုများပြားသည်ဟု ယင်းဌာနတာဝန်ရှိသူက ပြောသည်။

ဗီဇာ ၂ မျိုးနဲ့ ရောက်ရှိလာကြတာဖြစ်ပြီး အိမ်နီးချင်း တရုတ်နှင့် ထိုင်းနိုင်ငံက အများဆုံးဖြစ်ပါတယ်။ ဗီဇာဖြေလျှော့မှုတွေကို လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဦးစီးဌာနက ဆောင်ရွက်ပေးပြီး ဌာနအနေနဲ့ကတော့ ခရီးစဉ်ဒေသတွေမှာ ပြည်ပခရီးသွားတွေ အဆင်ပြေချောမွေ့မှုရရှိဖို့ ဆောင်ရွက်ပါတယ်"ဟု ၄င်းက ပြောသည်။

ပြည်ပခရီးသွားဝင်ရောက်မှုစာရင်းများအရ ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်နှင့် အလားတူကာလ နှိုင်းယဉ်ပါက ၆ ရာခိုင်နှုန်းလျော့နည်းခဲ့ကြောင်း အချို့ခရီးသွားများသည် Package Tour ဖြင့် ပုဂ္ဂလိကခရီးသွားလုပ်ငန်းများ၏ စီစဉ်ပေးမှုနှင့် ကိုယ်ပိုင်အစီအစဉ်ဖြင့် လာရောက်သူများရှိကြောင်း သိရသည်။

"ပြည်ပခရီးသွားတွေ ပိုမိုလာရောက်နိုင်ရေးအတွက် ခရီးသွားကဏ္ဍမြှင့်တင်ဖို့နဲ့ ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ်တွေ စီစဉ်ဆောင်ရွက်နေပါတယ်။ စက်တင်ဘာလထိ စာရင်းအရ ၈၀၀၀၀၀ ကျော်ဆိုပေမယ့် အောက်တိုဘာ၊ နိုဝင်ဘာနဲ့ နှစ်ကုန်ပိုင်းထိမှာ ခရီးသွားတွေ ပိုမိုဝင်ရောက်လာဖို့ ကြိုးစားဆောင်ရွက်နေပါတယ်"ဟု ဆက်လက်ပြောကြားသည်။

ပွင့်လင်းရာသီရောက်ရှိပြီးဖြစ်၍ ပြည်ပခရီးသွားများ ဝင်ရောက်လာမည်ဖြစ်ရာ ပြည်တွင်းရှိ ဟိုတယ်များနှင့် ခရီးစဉ်ဒေသများတွင် ပြင်ဆင်ဆောင်ရွက်ထားကြောင်း၊ ခရီးစဉ်ဒေသတွေမှာ လုံခြုံမှုရှိကာ စားသောက်၊ တည်းခိုနေထိုင်မှုများ အဆင်ပြေချောမွေ့စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မန္တလေးနေ့စဉ်-၉**

၀-၀-၀-၀-၀

# ပွင့်ဖြူမြို့နယ် သရက်အုပ်-ညောင်ကုန်း ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေး

**ပွင့်ဖြူ နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး ၊ ပွင့်ဖြူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဒေသခံကျေးလက်နေပြည်သူများ ရာသီမရွေးသွားလာရေးအဆင်ပြေစေရန်အတွက် ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ် ၊ ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် သရက်အုပ်-ညောင်ကုန်း ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေအား ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပွင့်ဖြူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ(မြို့ပြ) ဒေါ်မိမိလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ ကျေးရွာရပ်မိရပ်ဖများနှင့်အတူ ပြည်ထောင်စုငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် သရက်အုပ် - ညောင်ကုန်း ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း (၆၅)ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်နေသည့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား အချိန်မီပြီးစီးအောင်နှင့် လုပ်ငန်းအရည်အသွေးပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ပွင့်ဖြူမြို့နယ် သရက်အုပ်ကျေးရွာနှင့် ညောင်ကုန်းကျေးရွာသို့ ဆက်သွယ်သွားလာသည့် ကျေးရွာချင်းဆက်လမ်းမှာ အရှည်သုည ဒသမ ၃ မိုင်ရှိပြီး လမ်းအကျယ် ၁၄ ပေ၊ လမ်းအမြင့်ထု ၇ လက်မ ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်၊ ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၁၃၉ ဒသမ ၅၀ သန်းဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူ၍ ယခုနှစ် ဇွန်လဒုတိယပတ်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ (၆၅)ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်း ဆောင်ရွက်ပြီးစီးပါက ပွင့်ဖြူမြို့နယ် သရက်အုပ်ကျေးရွာ၊ ညောင်ကုန်းကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံကျေးလက်နေပြည်သူများ တစ်ရွာနှင့်တစ်ရွာ ကူးလူးဖြတ်သန်းသွားလာရာ၌ လွယ်လင့်တကူ ဖြတ်သန်းသွားလာနိုင်မည့်အပြင် လယ်ယာမြေများမှ ထွက်ရှိသော သီးနှံထွက်ကုန်များကိုလည်း ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချသွားနိုင်မည်ဖြစ်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးပြုနိုင်မည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဒေါ်မိမိလွင်ကပြောပြ၍ သိရသည်။

(၄၄၅)

**သင့်သွေးဖြင့် အသက်ကယ်ပါ။**

# ဖယောင်းတိုင်ဖြင့် ဘုရားမီးပူဇော်ရာမှ ကော်ဇော်ပေါ်သို့ပြုတ်ကျပြီး မီးလောင်မှုဖြစ်ပွား

**မန္တလေး နိုဝင်ဘာ ၃**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥဒေါ်ျာင်ရပ်ကွက်၊ ၈၆လမ်း၊ စစ်ကိုင်း-မန္တလေးကားလမ်း၊ အကွက်အမှတ်(၅၀၁) နေအိမ်တွင် ဘုရားမီးပူဇော်ထားရာမှ ကော်ဇော်ပေါ်သို့ ဖယောင်းတိုင်မီးပြုတ်ကျပြီး မီးလောင်မှု နိုဝင်ဘာ ၂ ရက်၊ ည ၁၀ နာရီခွဲခန့်က ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းကြီးကြပ်မှုဖြင့် ချမ်းမြသာစည်မြို့နယ် မီးသတ်ဦးစီးမှူး ဦးမင်းမင်းစိုးဦးစီး၍ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦး၊ အရံမီးသတ်တပ်ဖွဲ့ဝင် ၄၅ ဦးသည် မီးငြိမ်းသတ်ယာဉ် ၇ စီး၊ မီးသတ်ရေသယ်ယာဉ် ၅ စီးဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့သည်။

မီးလောင်မှုကြောင့် (၂၀×၃၀)ပေ၊ နံကပ်နှစ်ထပ်လူနေအိမ်အပေါ်ထပ်နှင့် အတွင်းပစ္စည်းများ မီးလောင်ကာ တန်ဖိုးငွေကျပ် (၄၆၀၀၀၀၀)ခန့် ဆုံးရှုံးခဲ့သဖြင့် မီးပေါ်ဆစ္စာသုံးစွဲသူ အိမ်ငှား ဦးချစ်မိုးသူ ၃၅ နှစ်အား အမှတ်(၁၀) မြို့မရဲစခန်းတွင် (ပ)၁၂၂/၂၀၂၄၊ ဖြင့် ဥပဒေအရ ဆောင်ရွက်ထားကြောင်း သိရသည်။

(၀၅၇)

(အောက်ပုံ)



## သမိုင်းအစဉ်အလာကောင်းသည့် ရှေးဟောင်းဘုန်းတော်ကြီးကျောင်းများကို ထိန်းသိမ်းခြင်းဖြင့် ဒေသခံများအတွက် အကျိုးကျေးဇူးများရနိုင်



**မန္တလေး နိုဝင်ဘာ ၃**

မန္တလေးမြို့နှင့် အနီးဝန်းကျင်တွင် သမိုင်းအစဉ်အလာကောင်းသည့် ရှေးဟောင်းဘုန်းတော်ကြီးကျောင်းများကို သမိုင်းတန်ဖိုးသိစွာဖြင့် ထိန်းသိမ်းခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသခံများအားလုံး အတွက် အကျိုးကျေးဇူးများရရှိ နိုင်မည်ဟု ရှေးဟောင်းသုတေသနပညာရှင် ဦးပေါက်ပေါက်က ပြောသည်။

"မန္တလေးဝန်းကျင်မှာ သမိုင်းအစဉ်အလာကောင်းတဲ့ ဘုန်းတော်ကြီးကျောင်းတွေရှိပြီး ခေတ်အလိုက် တည်ဆောက်ပုံ၊ အနုပညာလက်ရာတွေ ကွဲပြားမှုတွေရှိတယ်။ ကျောင်းတော်ကြီးတွေ ထိန်းသိမ်းဖို့ဆိုတာ တန်ဖိုးသိမှ ထိန်းသိမ်းနိုင်မှာဖြစ်သလို ထိန်းသိမ်းခြင်းအားဖြင့် နိုင်ငံတော်အတွက်ရော၊ ဒေသခံတွေအတွက်ပါ အကျိုးကျေးဇူးတွေ ရရှိမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ထိုသို့ ရှေးဟောင်းအမွေအနှစ် ဘုန်းတော်ကြီးကျောင်းများသာမက ရှေးဟောင်းယဉ်ကျေးမှုလက်ရာများကို နိုင်ငံတော်မှ နှစ်စဉ်ဘတ်ဂျက်ငွေများလျာထားပြီး ထိန်းသိမ်းလျက်ရှိသော်လည်း ဒေသခံများနှင့်အများပြည်သူတို့က သမိုင်းတန်ဖိုး၊ ရှေးဟောင်းအနုပညာလက်ရာတန်ဖိုးတို့ကို သိရှိနားလည်ကာ ထိန်းသိမ်းသင့်သည်ဟု ဆိုသည်။

"ဝတ္တရားအရ နိုင်ငံတော်က ဘတ်ဂျက်ချပေးလို့ ထိန်းသိမ်းတာနဲ့စာရင် ကိုယ်ထိန်းသိမ်းရတဲ့ သမိုင်းတန်ဖိုး၊ ယဉ်ကျေးမှုတန်ဖိုး၊ အနုပညာတန်ဖိုး၊ ဒီတန်ဖိုး ၃ ခုကို သိတယ်ဆိုရင် ထိန်းသိမ်းတဲ့သူမှာ ပိုပြီးစိတ်ဝင်စားစရာကောင်းတယ်။ ဘတ်ဂျက်ငွေနဲ့သာမက သမိုင်းတန်ဖိုးသိပြီး ထိန်းသိမ်းတာဆိုရင် ရေရှည်တည်တံ့ပြီး နိုင်ငံတော်အတွက် အကျိုးရှိပြီး ဒေသခံတွေအတွက် အကျိုးရလဒ်များစွာရရှိမယ်"ဟု ဆက်လက်ပြောကြားသည်။

သမိုင်းဝင်ရှေးဟောင်းဘုန်းကြီးကျောင်းများတွင် နန်းတော်၊ နန်းဆောင်များကို သဒ္ဒါကြည်ဖြူပြီး ကျောင်းအဖြစ်လှူဒါန်းသောကျောင်းများ၊ အနောက်တိုင်းယဉ်ကျေးမှု လွှမ်းမိုးပြောင်းလဲလာသည့် ကျောင်းများ၊ ကိုလိုနီခေတ်တွင် အခြေအနေအရ ပြောင်းလဲတည်ဆောက်သော ကျောင်းများနှင့် ကိုယ့်နေအိမ်ကို ကျောင်းအဖြစ် တည်ဆောက်လှူဒါန်းသည့်ကျောင်းများဟူ၍ ခွဲခြားနိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

### ကြော်ငြာစာ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန၊ မဟာအောင်မြေကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းမှ အောက်ဖော်ပြပါ ဆိုင်ခန်းရှင်(၉)ဦး ဆိုင်ခန်း(၁၂)ခန်းအား ဆိုင်ခန်းအမည်ပြောင်းခွင့်ပြုပါရန် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထားစာရွက်စာတမ်းအပြည့်အစုံနှင့်တကွ အခွန်ဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဆိုင်ခန်းအမည်ပြောင်းခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| စဉ် | မူလပိုင်ရှင်အမည် | ပြောင်းလဲမည့်အမည် | အဆောင်/အခန်း |
|---|---|---|---|
| ၁။ | ဦးစောနှင်း | ဦးစိုင်းအောင်စံလင်း | ၁၈/၉ |
| ၂။ | ဒေါ်ရီရီ | ဦးကိုကိုနောင်ပါ-၂ | ၁၉/၁၆ |
| ၃။ | ဦးဝင်းနိုင်ဦး | ဒေါ်ရန်ကြူးဟွမ် | ၃၄/၆-၁၅ |
| ၄။ | ဦးကိုကိုနိုင် | ဒေါ်ရန်ကြူးဟွမ် | ၃၄/၇-၁၄ |
| ၅။ | ဒေါ်မိမိနိုင် | ဒေါ်ရီရီ | ၃၉/၁၂ |
| ၆။ | ဒေါ်အေးငွေ | ဒေါ်ရီရီ | ၃၉/၁၃ |
| ၇။ | ဦးဇော်လွင် | ဦးသန်းတိုးအောင် | ၄၁/၁၀-၁၁ |
| ၈။ | ဦးမြင့်ဌေး | ဦးမြအောင် | ၆၀/၂ |
| ၉။ | ဦးခင်မောင်လွင် | ဦးသိန်းထိုက်စံ | ၆၄/၅ |

**အခွန်ဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၆)၊ ဦးပိုင်အမှတ်(၆၃/ခဲစင်း)၊ ၄၈လမ်းနှင့် ၄၉လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားရှိ ဦးချိုအမည်ပေါက် တောဂရန်မြေကွက်အား ဖခင် ဦးချို၊ မိခင် ဒေါ်တင်အေး၊ (သမီး/အစ်မ) ဒေါ်အိအိနိုင်(အပ်ိုကြီးဘဝဖြင့်)တို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၂၉၉/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့ကြသော သမီးများဖြစ်ကြသည့် ဒေါ်လွင်လွင်နိုင်(၉/အမရ(နိုင်)၁၂၆၁၅၈)၊ ဒေါ်မွန်မွန်အောင်(၉/အမရ(နိုင်)၁၂၆၃၃၉)၊ ဒေါ်ခင်သူဇာအောင်(၉/အမရ(နိုင်)၁၇၂၉၈၇)တို့၏(GPရရှိသူဒေါ်နု)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၄၉၄၂/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၉)၊ ဦးပိုင်အမှတ်(၅၄)၊ ၄၆လမ်းနှင့် ၄၇လမ်းကြား၊ ၁၁၄(B)လမ်းရှိ ဒေါ်ခင်စန်းမြင့်အမည်ပေါက် တောဂရန်မြေကွက်အား ချမ်းမြသာစည်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်(၂၀၂/၂၀၂၃)တွင် (၁၂-၁-၂၀၂၄)ရက်နေ့က ချမှတ်ခဲ့သော စီရင်ချက်ဒီကရီအရ ဒေါ်ခင်စန်းမြင့်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၅၇၁/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဝင်းဝင်းသန်း(၅/ဆလက(နိုင်)၀၈၉၆၀၄)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၄၉၄၃/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### မြေငှားဂရန် ဦးပိုင်ခွဲ ကြော်ငြာစာ

**ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။**

| စဉ် | လျှောက်ထားသူ | လျှောက်ထားသည့်မြေ | | | | | လျှောက်ထားသည့် အကြောင်းအရာ | အမှုတွဲအမှတ် |
|---|---|---|---|---|---|---|---|---|
| | အမည်/မှတ်ပုံတင် | မြို့နယ် | ကျေးရွာအုပ်စု | ကွင်း/အကွက်အမှတ်နှင့်အမည် | ဦးပိုင်အမှတ်/မြေကွက်အမှတ် | ဧရိယာ (ဧက) | | |
| ၁။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၈/ရေကြည်အရှေ့ | ၂၅/၂/၁ | ၀.၂၂ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၃၄၄/၂၀၂၄-၂၀၂၅ |
| ၂။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၈/ရေကြည်အရှေ့ | ၂၅/၂/၂ | ၀.၁၆ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၃၄၅/၂၀၂၄-၂၀၂၅ |
| ၃။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၈/ရေကြည်အရှေ့ | ၂၅/၂/၃ | ၀.၁၆ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၃၄၆/၂၀၂၄-၂၀၂၅ |
| ၄။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၈/ရေကြည်အရှေ့ | ၂၅/၂/၄ | ၀.၁၆ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၃၄၇/၂၀၂၄-၂၀၂၅ |
| ၅။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၈/ရေကြည်အရှေ့ | ၂၅/၂/၅ | ၀.၁၆ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၃၄၈/၂၀၂၄-၂၀၂၅ |
| ၆။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၈/ရေကြည်အရှေ့ | ၂၅/၂/၆ | ၀.၁၆ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၃၄၉/၂၀၂၄-၂၀၂၅ |
| ၇။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၈/ရေကြည်အရှေ့ | ၂၅/၂/၇ | ၀.၁၆ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၃၅၀/၂၀၂၄-၂၀၂၅ |
| ၈။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၈/ရေကြည်အရှေ့ | ၂၅/၂/၈ | ၀.၁၆ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၃၅၁/၂၀၂၄-၂၀၂၅ |
| ၉။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၈/ရေကြည်အရှေ့ | ၂၅/၂/၉ | ၀.၁၇ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၃၅၂/၂၀၂၄-၂၀၂၅ |
| ၁၀။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၈/ရေကြည်အရှေ့ | ၂၅/၂/၁၀ | ၀.၃၂ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၃၅၃/၂၀၂၄-၂၀၂၅ |
| ၁၁။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၈/ရေကြည်အရှေ့ | ၂၅/၂/၁၁ | ၀.၁၉ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၃၅၄/၂၀၂၄-၂၀၂၅ |
| ၁၂။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၈/ရေကြည်အရှေ့ | ၂၅/၂/၁၂ | ၀.၁၆ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၃၅၅/၂၀၂၄-၂၀၂၅ |
| ၁၃။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၈/ရေကြည်အရှေ့ | ၂၅/၂/၁၃ | ၀.၂၇ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၃၅၆/၂၀၂၄-၂၀၂၅ |
| ၁၄။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၈/ရေကြည်အရှေ့ | ၂၅/၂/၁၄ | ၀.၂၀ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၃၅၇/၂၀၂၄-၂၀၂၅ |
| ၁၅။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၈/ရေကြည်အရှေ့ | ၂၆/၁ | ၀.၁၇ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၃၅၈/၂၀၂၄-၂၀၂၅ |
| ၁၆။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၈/ရေကြည်အရှေ့ | ၂၆/၂ | ၀.၁၇ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၃၅၉/၂၀၂၄-၂၀၂၅ |
| ၁၇။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၈/ရေကြည်အရှေ့ | ၂၆/၃ | ၀.၁၇ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၃၆၀/၂၀၂၄-၂၀၂၅ |
| ၁၈။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၈/ရေကြည်အရှေ့ | ၂၆/၄ | ၀.၃၃ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၃၆၁/၂၀၂၄-၂၀၂၅ |
| ၁၉။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၈/ရေကြည်အရှေ့ | ၂၆/၅ | ၀.၂၀ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၃၆၂/၂၀၂၄-၂၀၂၅ |
| ၂၀။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၈/ရေကြည်အရှေ့ | ၂၆/၆ | ၀.၁၇ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၃၆၃/၂၀၂၄-၂၀၂၅ |
| ၂၁။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၈/ရေကြည်အရှေ့ | ၂၆/၇ | ၀.၂၅ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၃၆၄/၂၀၂၄-၂၀၂၅ |
| ၂၂။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၈/ရေကြည်အရှေ့ | ၂၇/၁ | ၀.၁၆ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၃၆၅/၂၀၂၄-၂၀၂၅ |
| ၂၃။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၈/ရေကြည်အရှေ့ | ၂၇/၂ | ၀.၁၆ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၃၆၆/၂၀၂၄-၂၀၂၅ |
| ၂၄။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၈/ရေကြည်အရှေ့ | ၂၇/၃ | ၀.၁၆ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၃၆၇/၂၀၂၄-၂၀၂၅ |
| ၂၅။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၈/ရေကြည်အရှေ့ | ၂၇/၄ | ၀.၁၆ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၃၆၈/၂၀၂၄-၂၀၂၅ |
| ၂၆။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၈/ရေကြည်အရှေ့ | ၂၇/၅ | ၀.၁၃ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၃၆၉/၂၀၂၄-၂၀၂၅ |
| ၂၇။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၈/ရေကြည်အရှေ့ | ၂၇/၆ | ၀.၁၂ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၃၇၀/၂၀၂၄-၂၀၂၅ |
| ၂၈။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၈/ရေကြည်အရှေ့ | ၂၇/၇ | ၀.၁၂ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၃၇၁/၂၀၂၄-၂၀၂၅ |
| ၂၉။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၈/ရေကြည်အရှေ့ | ၂၇/၈ | ၀.၁၂ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၃၇၂/၂၀၂၄-၂၀၂၅ |

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ လူငယ်များ၏စူးစမ်းလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်၊ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားဝေဖန်ပိုင်းခြားနိုင်စိတ်၊ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရှင်သန်ကိန်းအောင်းလာစေရန် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ ဥပဒေကို သိရှိလေးစားလိုက်နာတတ်ရန်နှင့် ကျင့်ဝတ်သိက္ခာပြည့်ဝပြီး လူမှုတာဝန်များကို ကျေပွန်စွာ ပြုမူနေထိုင်တတ်စေရန်လည်း လမ်းပြသွန်သင်ပေးသွားကြရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံသြဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ပိတ်ပွဲ အခမ်းအနားတွင် အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြမည့် ကျောင်းသူများ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ကြည့်ရှုလေ့လာ

နေပြည်တော် နိုဝင်ဘာ ၃

၂၀၂၄ခုနှစ် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ပိတ်ပွဲ အခမ်းအနားများတွင် အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြမည့် အခြေခံပညာကျောင်းများမှ ကျောင်းသူများနှင့် ကြီးကြပ်သူ စုစုပေါင်း ၃၂၆ ဦးတို့သည် ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်-တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကြည့်ရှုလေ့လာကြသည်။

ဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပင်မအဆောက်အအုံရှိ Auditorium ခန်းမ၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများက "အားလုံးချစ်သည့် MRTV" သီချင်းဖြင့် ကပြဖျော်ဖြေကြပြီး "နှစ်ပေါင်း ဆန်းသစ် (၇၈) နှစ်မှသည် ပြည်သူ့အတွက် MRTV" Video Clip ဖြင့် ရှင်းလင်းပြသသည်။



### စုပေါင်းဖျော်ဖြေ

ဆက်လက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ်က နှုတ်ခွန်းဆက် ပြောကြားပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများက "လတ်တီး"သီချင်းဖြင့် စုပေါင်းဖျော်ဖြေရာ ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် MRTV News Channel Studio တွင် သတင်းထုတ်လွှင့်ရန် ရိုက်ကူးရေး ဆောင်ရွက်မှုနှင့် Virtual Studio တွင် NRC ရုပ်သံလိုင်းမှ တိုင်းရင်းသားဝန်ထမ်းများ၏ ကယားရိုးရာပုံပြင် သရုပ်ဖော်ရိုက်ကူးမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင် အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေး မော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှုပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယို အစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်း ဓာတ်ပြားများနှင့် အခြားအသုံးအဆောင်ပစ္စည်းများစသည့် စုစုပေါင်း ပြခန်း ၄၀ တွင် ခင်းကျင်းပြသထားမှုများလေ့လာကြပြီး သိရှိလိုသည်များ မေးမြန်းမှုအပေါ် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခြင်း၊ ပြတိုက်ဆိုင်ရာ မှတ်သားဖွယ်ရာ အဖြေလွှာများ၌ ကျောင်းသူများ၏ ဖြည့်စွက်မှုများအား စိစစ်၍ ပြည့်စုံစွာ ဖြေဆိုနိုင်သူများအား အမှတ်တရ လက်ဆောင်ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး အဆိုပါ လေ့လာရေးအဖွဲ့သည် မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာသွားကြသည်။

### အသိပညာ၊ ဗဟုသုတရရှိနိုင်

၂၀၂၄ခုနှစ် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ကို ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် ကျင်းပမည်ဖြစ်ရာ နေပြည်တော်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသူ ၃၀၀ တို့က ပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် "လှပချစ်စရာတို့ ရွှေမြန်မာ "သီချင်းဖြင့်လည်းကောင်း၊ ပိတ်ပွဲအခမ်းအနားတွင် "ရွှေပြည်တော်သို့ တို့အတူ" သီချင်းဖြင့်လည်းကောင်း အကအလှများဖြင့် ပါဝင်ဖျော်ဖြေ တင်ဆက်ကြမည်ဖြစ်၍ ကြိုတင်ပြင်ဆင်လေ့ကျင့်ချိန်ကာလတွင် အဆိုပါ ကျောင်းသူများ စိတ်အပန်းပြေစေရန်၊ ရွှင်လန်းတက်ကြွစေရန်နှင့် အသိပညာ၊ ဗဟုသုတရရှိနိုင်ရန် ရည်ရွယ်ပြီး ယခုကဲ့သို့ လေ့လာရေးခရီးစဉ်အား စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## AFF Futsal Championship 2024 ပြိုင်ပွဲ အုပ်စု(ခ)အတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲ ကျင်းပ

AFF Futsal Championship 2024 ပြိုင်ပွဲ အုပ်စု(ခ)အတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၃ ရက် မွန်းလွဲပိုင်းက ပြိုင်ပွဲကျင်းပရာ Terminal 21 Korat တွင် ကျင်းပခဲ့ရာ အုပ်စု(ခ)တွင် ပါဝင်သော အင်ဒိုနီးရှား၊ မြန်မာ၊ ဩစတြေးလျ၊ ကမ္ဘောဒီးယားအသင်းများမှ နည်းပြများက တက်ရောက်ဖြေကြားခဲ့ကြသည်။

ထိုပွဲကြိုသတင်းစာရှင်းလင်းပွဲတွင် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း နည်းပြချုပ် Mr. Bunlert Cheorawong က "ဒီပြိုင်ပွဲက ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပြိုင်ပွဲတစ်ခုပါ။ နိုင်ငံပေါင်းစုံက ကစားသမား အသစ်တွေကို ပိုမိုကောင်းမွန်တဲ့ ကစားသမားတွေ ဖြစ်လာဖို့ အခွင့်အရေးပေးတဲ့ ပြိုင်ပွဲတစ်ခုလည်း ဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ ပြီးခဲ့တဲ့ ၂၀၂၂ ပြိုင်ပွဲက ရခဲ့တဲ့ အဆင့်ထက် မနိမ့်တဲ့ရလဒ်မျိုး ရရှိဖို့ ကြိုးစားသွားမှာပါ။ မြန်မာဖူဆယ်ပရိသတ်တွေကို ကျေးဇူးအများကြီးတင်ပါတယ်။

စာမျက်နှာ ၃ သို့ ➤